ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်၊ စနေနေ့ (10-3-2012) (၇၀၆၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

အလုပ်သမားအဖွဲ့အစည်းဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

အမိန့်ကြော်ငြာစာ
အမှတ်၊ ၂၂/၂၀၁၂
၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်
(၂၀၁၂ ခုနှစ်၊ မတ်လ ၉ ရက်)

အလုပ်သမားအဖွဲ့အစည်းဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်ခြင်း

အလုပ်သမားအဖွဲ့အစည်းဥပဒေသည် ၂၀၁၂ ခုနှစ်၊ မတ်လ (၉) ရက် [၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၂) ရက်] နေ့တွင် အလုပ်သမားအဖွဲ့အစည်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ(ခ)အရ စတင်အာဏာတည်သည်ဟု သတ်မှတ်လိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မှတ်ပုံတင်အရာရှိချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

အမိန့်ကြော်ငြာစာ
အမှတ်၊ ၂၃/၂၀၁၂
၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်
(၂၀၁၂ ခုနှစ်၊ မတ်လ ၉ ရက်)

မှတ်ပုံတင်အရာရှိချုပ် ခန့်အပ်တာဝန်ပေးခြင်း

အလုပ်သမားအဖွဲ့အစည်းဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(က)အရ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အား မှတ်ပုံတင်အရာရှိချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၂၀၁၂ ခုနှစ် (၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ပြသရောင်းချမည်

နေပြည်တော် မတ် ၉

၂၀၁၂ ခုနှစ် (၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး တက်ရောက်အားပေးချီးမြှင့်သည်။

ဖွင့်ပွဲအခမ်းအနားသို့ (၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ပြပွဲကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီဝင်များ၊ လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးတေဇနှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသိန်းထိုက်၊ ဦးစိုးမောင်၊ ဦးဉာဏ်ထွန်းအောင်၊ ဒေါက်တာဖေသက်ခင်နှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းနာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးတေဇတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက ၂၀၁၂ ခုနှစ် (၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ○

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး မဏိရတနာကျောက်စိမ်းခန်းမ ပထမထပ်၌ ခင်းကျင်းပြသထားသည့် အရည်အသွေးကောင်း ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြေးမုံ စာ တည်း ရှု ထောင့် ၁၀-၃-၂၀၁၂[စနေနေ့]။

ထိန်းညှိသယ်ပိုးသင့်သည့်အရာ

လူ့အဖွဲ့အစည်းတစ်ရပ်၌ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ အကန့်အသတ်များရှိနေသည့်တိုင် ယဉ်ကျေးသော လူမှုအဖွဲ့အစည်းဖြစ်လာရန် တည်ဆောက်ရပေမည်။ လူ့အဖွဲ့အစည်းပြုပြင်ပြောင်းလဲရေးအတွက် ခေတ်အဆက်ဆက် လှုပ်ရှားခဲ့ကြသည်။ လူသားတစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာရှိရေး၊ လူ့အဖွဲ့အစည်းတိုးတက်ရေး အားထုတ်မှုများ တွေ့ရသည်။ လူသားဟူ၍ ဖြစ်ပေါ်လာစဉ်ကပင် ကိုယ်တစ်ခုနှင့် စိတ်တစ်ခုတွဲ၍ ဖြစ်တည်လာကြရာ မိမိစိတ်ဆန္ဒရှိရာ လုပ်ပိုင်ခွင့်ကို သဘာဝလွတ်လပ်ခွင့်ဟူ၍ သဘောထားခဲ့ကြသည်။ သို့သော် လူအများနှင့် စုပေါင်းနေထိုင်လာသည့်အခါ မိမိလွတ်လပ်ခွင့်နှင့် သူတစ်ပါးလွတ်လပ်ခွင့် အငြိအတင် မဖြစ်ရအောင်မှု ထိန်းသိမ်းဆင်ခြင်ကြရပေမည်။

လူအများ စုဝေးနေထိုင်ရာ အဝန်းအဝိုင်းသည် လူ့အဖွဲ့အစည်းပင်ဖြစ်ရာ အများပြည်သူတို့ချစ်ခင်နှစ်လိုသော အဖွဲ့အစည်းဖြစ်အောင် ကြိုးပမ်းကြရပါမည်။ ဂုဏ်ကျက်သရေပြည့်ဝသော လူ့အဖွဲ့အစည်း၊ ငြိမ်းချမ်းသာယာသော လူ့အဖွဲ့အစည်းဖြစ်ရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရပါမည်။ အတူတကွနေထိုင်ကြသူများတွင် ဆန္ဒတစ်ခုရှိရာ မိမိတို့အချင်းချင်းအကြား တရားမျှတမှုရှိရေးဖြစ်သည်။ တရားမျှတမှုသည် လူ့အဖွဲ့အစည်းတစ်ခုအတွင်း စည်းလုံးညီညွတ်မှုရှိအောင် ချည်နှောင်ပေးထားသည့် ကြိုးတစ်ချောင်းဟု ဆိုနိုင်ပေသည်။

ထို့အတူ လူတစ်ဦးနှင့်တစ်ဦး ရုပ်ဆင်းအင်္ဂါ၊ မွေးဖွားရာဇာတိ၊ ပြောဆိုသည့်စကား၊ ကိုးကွယ်သည့်ဘာသာ၊ ရိုးရာဓလေ့နှင့် ယဉ်ကျေးမှုများလည်း အမျိုးမျိုးအထွေထွေရှိနေတတ်ကြသည်။ ယင်းသို့ မတူကွဲပြားသူများ အတူစုဝေးနေထိုင်လာကြသည့်အခါ မတူညီမှုကို အခြေခံ၍ ခွဲခြားစိတ်ထားရှိမှု မပြုဖို့ အရေးကြီးပေသည်။ ထို့ကြောင့် လူ့အဖွဲ့အစည်းအတွင်း စီမံခန့်ခွဲရာ၊ ပညာသင်ကြားရာ၊ ကျန်းမာရေးစောင့်ရှောက်ရာ၊ အလုပ်လုပ်ကိုင်ရာ၊ လူမှုအခွင့်အရေး ခံစားရာ အခွင့်အလမ်းများနှင့်အတူ ညီမျှတရားမျှတစွာ ရရှိရေး အလေးထားရခြင်းဖြစ်သည်။

လူ့အဖွဲ့အစည်းကို တိုးတက်ကောင်းမွန်စေရေး ထိန်းညှိဆောင်ရွက်ရာတွင် လောကပါလတရားသည် အထူးအရေးပါသည်။ မြန်မာမှုအစဉ်အလာ၌ ဟီရိဩတ္တပ္ပဟုခေါ်သည့် အရှက်တရား၊ အကြောက်တရားများကို လောကပါလတရားနှစ်ပါးဟု ခေါ်ဆိုကြသည်။ လူအများတို့၌ ရှက်သော၊ ကြောက်သောစိတ်များ ကိန်းအောင်းတည်ရှိနေကြသော် လူတို့နေထိုင်ရာ အသိုင်းအဝိုင်းတစ်ခုလုံးသည် ငြိမ်းချမ်းသာယာနေမည်ဟူ၍ ဆိုနိုင်ပေသည်။ ဆိုလိုသည်မှာ လူတစ်ဦးနှင့်တစ်ဦး သင့်တင့်မျှတသောစိတ်ထားကာ တရားသဖြင့် ဆက်ဆံနေထိုင်ကြခြင်းဖြင့် ကောင်းမှုကောင်းရာများဖြစ်ထွန်းလာမည်ဖြစ်ပေသည်။

လူမှုဝန်းကျင်တွင် ဥပဒေစည်းမျဉ်းစည်းကမ်းဟူသည်ကို အသိအမှတ်ပြုလက်ခံကျင့်သုံးနေကြပြီဖြစ်ရာ လူ့အသိုင်းအဝိုင်းအတွင်း အများသူငါလွတ်လပ်ခွင့်ကို မထိပါးသမျှ မိမိစိတ်ဆန္ဒနှင့်အညီ လုပ်ပိုင်ခွင့်ရှိမည်ဖြစ်သည်။ သာယာနေပျော်သော လူ့အဖွဲ့အစည်းဟု ဆိုရပေမည်။ တရားမျှတခြင်းဟူသည် သမာသမတ်ကျခြင်း၊အကျိုးခံစားခွင့်တူညီခြင်းဟူ၍ သက်ရောက်သည်။ သက်ဆိုင်ရာ လူ့အဖွဲ့အစည်းအတွင်း ချမှတ်ထားသည့် ဥပဒေစည်းကမ်းများနှင့်ညီညွတ်ခြင်းသဘောများ ပါဝင်နေသည်။

ယင်းသို့သော အနေအထားများ ပြည့်စုံနေသည့် လူ့အဖွဲ့အစည်းသည် နေရာဒေသ၊ ဘာသာစကား၊ ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုစသည်တို့ သီးခြားရှိချင်ရှိနေနိုင်သော်လည်း အနှစ်သာရသဘောမှာ ခွင့်တူညီမျှ တန်းတူရည်တူရှိနေမည်သာဖြစ်သည်။

မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ပြည်သူအများက လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူညီမျှရှိခြင်းဟူသည့် လောကပါလတရားများ စွဲမြဲကိန်းအောင်းထွန်းကားနေရန် အရေးကြီးပါသည်။ လူတိုင်းလူတိုင်းက မိမိနေထိုင်ရာဒေသ၊ မိမိထမ်းဆောင်ရာတာဝန်အလိုက် စိတ်စေတနာအသိစိတ်ဖြင့် ထိန်းညှိသယ်ပိုး စွမ်းဆောင်သွားသင့်ကြောင်း ရှုမြင်ပါသည်။ ။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၀-၃-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် "ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်"
- ၈း၀၅ ၂။ "သုတရောင်စုံပန်းခင်း"
- ၈း၁၀ ၃။ ကဗျာပန်းဥယျာဉ်

နေ့လယ်ပိုင်း

- ၁း၃၅ ၁။ "နှုတ်မြိန်ဖွယ်ရာ ချစ်ဟင်းလျာ"
- ၁း၅၀ ၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက် ဘတ်ဂျောင်ဂွန်း" (အပိုင်း-၅၆)**
- ၂း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၂း၂၅ ၄။ "ရိုးသားစွာကြိုးစားပါ"

ညပိုင်း

- ၄း၄၀ ၁။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၅း၀၀ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၆း၂၀ ၃။ "ရုပ်မြင်ပြဇာတ်အစီအစဉ်"
- ၆း၅၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ချိုချိုကြင်နာပို" (အပိုင်း-၂၀)
- ၇း၅၀ ၅။ "(၄၉)ကြိမ်မြောက်မြန်မာ့ ကျောက်မျက်ရတနာပြပွဲ" (ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာပြခန်း)
- ၈း၀၀ ၆။ ပြည်တွင်းသတင်း
- ၇။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
- ၈။ "ဒီမိုမွေးနေ့" (ရှက်တယ်၊ နိုင်လူ၊ ဝါးခယ်မရဲမောင်၊ဇော်ဝင်းနိုင်၊ အေးအေးခိုင်၊အိဖြိုးချယ်ရီ) (ဒါရိုက်တာ- အကယ်ဒမီဇော်မြင့်ဦး)
- ၉။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၉၈)**
- ၁၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်ပွင့်လေးရဲ့ဒိုင်ယာရီ" (အပိုင်း-၂၁)**
- ၁၁။ ဂီတတံခါးလေးဖွင့်ပါဦး

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၉ - ၃ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၆၆၅၀	၀. ၀၃၂၆၁
တရုတ် (ယွမ်)	၆. ၃၀၉၃၀	၀. ၁၅၈၅၀
အိန္ဒိယ (ရူပီး)	၄၉. ၈၄၆၆	၀. ၀၂၀၀၆
မလေးရှား (ရင်းဂစ်)	၃. ၀၀၈၀၀	၀. ၃၃၂၄၅
စင်ကာပူ (ဒေါ်လာ)	၁. ၂၅၃၂၆	၀. ၇၉၇၉၂
ဂျပန် (ယန်း)	၈၂. ၃၆၄၆	၀. ၀၁၂၁၄
တောင်ကိုရီးယား(ဝမ်)	၁၁၁၇. ၇၉	၀. ၀၀၀၈၉
ယူရို	၀. ၇၆၂၄၄	၁. ၃၁၁၅၈
ဗြိတိသျှ (ပေါင်)	၀. ၆၃၇၄၀	၁. ၅၆၈၈၈

အင်တာနက်။

ကြိုတင်မဲဟုဆိုရာတွင်. . .

ကိုကိုအောင်

(ယမန်နေ့မှအဆက်)

မေး။ ကြိုတင်မဲပေးပြီးသူက မဲရုံတွင် ထပ်မံမဲပေး၊ မပေး ဘယ်လိုသိနိုင်မလဲ။

ဖြေ။ မြို့နယ်တွင် ကြိုတင်မဲပေးသူဖြစ်စေ၊ ရပ်ကွက်/ကျေးရွာအုပ်စုတွင် ကြိုတင်မဲပေးသူဖြစ်စေ၊ ယင်းသို့ကြိုတင်မဲပေးသူ အမည်စာရင်းကို နည်းဥပဒေပါ မဲစာရင်း ပုံစံ(၁)ဖြင့် သီးခြားရေးမှတ်ထားပြီး သက်ဆိုင်ရာမူလမဲစာရင်းတွင် ကြိုတင်မဲပေးပြီးကြောင်း စာရင်းပြုဖော်ပြထားသဖြင့် မဲရုံတွင် ထပ်မံလာရောက်မဲပေးခြင်းမပြုနိုင်တော့ပါ။

မေး။ ကြိုတင်မဲလက်မှတ်ဆိုတာ ဘယ်လိုပုံစံပါလဲ။

ဖြေ။ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ ကြိုတင်မဲလက်မှတ်ကို သီးခြားပုံစံသတ်မှတ်ထားခြင်းမရှိပါဘူး။ မဲရုံတွင်ဆန္ဒပြုရမည့် မဲလက်မှတ်ကိုပဲ ကြိုတင်၍ ဆန္ဒပြုနိုင်ရန် စာအိတ်နှင့်တကွ ထုတ်ပေးခြင်းဖြစ်ပါတယ်။ ကြိုတင်မဲပေးမည့် မဲဆန္ဒရှင်က မိမိသဘောကျ လျှို့ဝှက်စွာဆန္ဒပြုပြီး ထုတ်ပေးလိုက်သည့် စာအိတ်အတွင်း ထည့်သွင်းအိတ်ပိတ်၍ ပြန်လည်ပေးပို့ရခြင်းဖြစ်ပါသည်။ ထူးခြားချက်ကတော့ ကြိုတင်မဲလက်မှတ်ပေါ်မှာ မဲရုံမှူးလက်မှတ်မပါရှိဘဲ လွှတ်တော် နည်းဥပဒေ ၅၈ (ဂ)အရ မဲလက်မှတ်၏ နောက်ကျောဘက်တွင် သက်ဆိုင်ရာ တာဝန်ခံထုတ်ပေးသည့် ကော်မရှင်အဖွဲ့ခွဲ၏ တံဆိပ်တုံးနှင့် တာဝန်ခံ ထုတ်ပေးသူလက်မှတ်သာ ပါရှိပါမယ်။

မေး။ ကြိုတင်မဲတွင် ဆန္ဒပြုရာ၌ တစ်စုံတစ်ယောက်၏ ရှေ့မှောက်တွင် ဆန္ဒပြုရပါသလား။

ဖြေ။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၉)၊ ရွေးကောက်တင်မြှောက်ခြင်းအခန်း ပုဒ်မ ၃၉၁(ဃ)တွင် "လျှို့ဝှက်ဆန္ဒမဲပေးစနစ်ကို ကျင့်သုံးရမည်"လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါ့ကြောင့် ကြိုတင်မဲဖြစ်စေ၊ မဲလက်မှတ်တွင်ဖြစ်စေ မဲဆန္ဒရှင်က ဆန္ဒပြုခြင်းသည် ၎င်း၏သဘောဆန္ဒအတိုင်း လျှို့ဝှက်ဆန္ဒပြုခြင်းဖြစ်ပါတယ်။ မည်သူတစ်ဦးတစ်ယောက်၏ ရှေ့မှောက်တွင်မျှ မိမိ၏ဆန္ဒမပါဘဲ ဆောင်ရွက်ရခြင်း မရှိပါ။ ကြိုတင်မဲလက်မှတ်တွင် မဲဆန္ဒရှင်၏ စိတ်တိုင်းကျ လျှို့ဝှက်ဆန္ဒပြုပြီးနောက် စာအိတ်တွင်ထည့်သွင်း၍ လုံခြုံစွာပိတ်ပြီးမှ ပြန်လည်ပေးပို့အပ်နှံရခြင်းဖြစ်ပါတယ်။

မေး။ ကြိုတင်မဲပေးထားတဲ့စာအိတ်ကို တစ်စုံတစ်ယောက်က ဖွင့်ဖောက်ကြည့်ရင် ဘယ်လိုလုပ်ရမလဲ။

ဖြေ။ လျှို့ဝှက်ဆန္ဒပြုထားတဲ့ ကြိုတင်မဲစာအိတ်ကို ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံပိတ်ချိန်တွင် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် မဲရုံမှူးတို့က မဲရေတွက်သည့်အခါ ဖွင့်ဖောက်မဲရေတွက်သည်မှတစ်ပါး အခြားအချိန်တွင် မည်သူမျှ ဖွင့်ဖောက်ခွင့်မရှိဘဲ ဖွင့်ဖောက်ခြင်း / ဖျက်ဆီးခြင်းပြုလျှင် ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉(င)အရ ပြစ်မှုကျူးလွန်ခြင်းဖြစ်၍ သက်ဆိုင်ရာ ရဲတပ်ဖွဲ့က ဖမ်းဆီးအရေးယူပြီး ပြစ်မှုထင်ရှားရင် ထောင်(၁)နှစ်ထိ ကျနိုင်ပါတယ်။ ဥပဒေချိုးဖောက်ရင် ဥပဒေအရ ပြစ်ဒဏ်ခံရမှာဖြစ်ပါတယ်။

မေး။ ကြိုတင်မဲကို အိမ်တိုင်ရာရောက် လိုက်လံစည်းရုံးရယူခွင့်ရှိပါသလား။

ဖြေ။ ဒီမေးခွန်းဟာ အဓိပ္ပာယ်ကျယ်ဝန်းတဲ့အတွက် အပိုင်း(၂)ခုနဲ့ ဖြေကြားပါမယ်။

အပိုင်း(၁)။ ရွေးကောက်ပွဲဟူသည် ပါတီအချင်းချင်း၊ လွှတ်တော်ကိုယ်စားလှယ်အချင်းချင်း ပြည်သူ့ဆန္ဒကို အပြိုင်အဆိုင် စည်းရုံးရယူပြီး အနိုင်ရအောင် ယှဉ်ပြိုင်ကြခြင်းဖြစ်၍ မိမိပါတီကို ထောက်ခံသူ၊ မိမိအား မဲပေးမည့်သူများကို (ဥပဒေအရ ကန့်သတ်ထားချက်မှလွဲ၍) ၎င်းတို့ မဲပေးချင်လာအောင်၊ မဲပေးပိုင်ခွင့်ရရှိအောင် သက်ဆိုင်ရာပါတီနဲ့ ကိုယ်စားလှယ်လောင်းများက စည်းရုံးမဲဆွယ်ခွင့်ရှိပါတယ်။ မဲရုံသို့ ကိုယ်တိုင်မလာရောက်နိုင်သူများ ရှိပါကလည်း ဥပဒေနှင့်အညီ ကြိုတင်မဲဖြင့် မဲပေးနိုင်ခွင့်ရှိအောင် အိမ်တိုင်ရာရောက် သွားရောက်စည်းရုံးမှု ပြုကြမှာဖြစ်ပါတယ်။ နိုင်ငံရေးပါတီတစ်ခု၊ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးက မိမိပါတီ/မိမိကိုယ်စားလှယ်ကို မဲပေးကြရန် စည်းရုံးလှုံ့ဆော်ခြင်းသည် ဒီမိုကရေစီပိုင်ခွင့် ဖြစ်ပါတယ်။ ထို့အတူ မဲဆန္ဒရှင်များအနေဖြင့်လည်း မိမိနှစ်သက်သူကို မဲပေးပိုင်ခွင့်ရှိခြင်းနဲ့ မိမိကြိုက်နှစ်သက်သူမပါရှိက မဲမပေးဘဲ နေနိုင်ခွင့်ရှိခြင်းသည် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂(ဃ) ပါ ရွေးကောက်မှုဆိုင်ရာအခွင့်အရေး (နိုင်ငံသား အခွင့်အရေး) ပဲ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများက အိမ်တိုင်ရာရောက် စည်းရုံးခြင်းဟာ ဥပဒေနှင့်မညီဟု မဆိုနိုင်ပါ။

အပိုင်း(၂)။ ရွေးကောက်ပွဲကို ကြီးကြပ်ကျင်းပပေးရတဲ့ ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နဲ့ မဲရုံဝန်ထမ်း စတဲ့ အဖွဲ့အစည်းတွေအနေနဲ့ကတော့ ရွေးကောက်ပွဲမှာ ဒိုင်လူကြီးပမာ ရပ်တည်ကြရမှာဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၂(ဃ)မှာ "ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် မှန်မှန်ကန်ကန်ဆောင်ရွက်ခြင်း၊ မည်သည့်ကိုယ်စားလှယ်လောင်းအတွက်မျှ မဲမဆွယ်ရခြင်း၊ ဘက်မလိုက်ရခြင်း" လို့ ပြဋ္ဌာန်းထားပါတယ်။ ဒီတော့ ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် မဲဆန္ဒရှင် ပြည်သူများ လွတ်လပ်၍ လွယ်ကူစွာ လျှို့ဝှက်ဆန္ဒပြုနိုင်ရေးအတွက်သာ ကြီးကြပ်ဆောင်ရွက်ဖို့ တာဝန်ရှိပါတယ်။

သို့ပေမယ့် နည်းဥပဒေ ၅၁(ခ)(၁)အရ ရွေးကောက်ပွဲကျင်းပသောနေ့ရက်၌ မဲဆန္ဒနယ်အတွင်းတွင်ရှိသော်လည်း မဲရုံသို့ကိုယ်တိုင်လာရောက်ဆန္ဒမဲပေးနိုင်စွမ်းမရှိသော အသက်အရွယ်ကြီးရင့်သူ၊ အနာကြီးရောဂါစွဲကပ်နေသူ၊ နေအိမ်တွင် ရောဂါဝေဒနာ ပြင်းထန်စွာ ခံစားနေရသူနှင့် နေအိမ်တွင် မီးဖွားနေသူများရှိပါက သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ မိမိအဖွဲ့ဝင်နှစ်ဦးကို စေလွှတ်၍ သက်ဆိုင်ရာ မဲဆန္ဒရှင်များအား ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးအရ ဆန္ဒမဲပေးလိုက ပေးနိုင်ကြောင်းနှင့် ဆန္ဒမဲမပေးလိုက ဆန္ဒမဲပေးခြင်းမပြုဘဲနေနိုင်ကြောင်းကို ရှင်းပြရမည်။ သက်ဆိုင်ရာ မဲဆန္ဒရှင်က ဆန္ဒမဲပေးလိုကြောင်းပြောပါက ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးရမည်။ ××× ဟု ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲဝင်နှစ်ဦးက ဥပဒေနှင့်အညီ တာဝန်ရှိလို့ ဆောင်ရွက်ပေးရခြင်းကို အထင်အမြင်မမှားဖို့ လိုပါတယ်။ မဲဆန္ဒရှင်ရဲ့ မဲပေးပိုင်ခွင့်ကို ကူညီပေးခြင်းသာဖြစ်ပြီး မည်သူမည်ဝါကို မဲပေးပါဟု မဲဆွယ်စည်းရုံးခြင်း မဟုတ်ဘူးဆိုတာ သိစေချင်ပါတယ်။

အနှစ်ချုပ်အားဖြင့် ဒီမိုကရေစီရွေးကောက်ပွဲများတွင် သက်ဆိုင်ရာ ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆ နှင့် ကိုက်ညီသော မဲဆန္ဒရှင်များသည် မိမိနှစ်သက်သဘောကျသော လွှတ်တော်ကိုယ်စားလှယ်လောင်းကို မဲပေးပိုင်ခွင့်ရှိခြင်းမှာ ၎င်းတို့ ရရှိထားသည့် ရွေးကောက်မှုဆိုင်ရာအခွင့်အရေး(လူ့အခွင့်အရေး)ကို ဥပဒေနှင့်အညီ အသုံးချခြင်းမည်ပါသည်။ မဲဆန္ဒရှင်၏ဆန္ဒနှင့် ဆန့်ကျင်၍ မည်သူမည်ဝါကို မဲပေးရန် သော်လည်းကောင်း၊ ကြိုတင်မဲပေးစေရန် သော်လည်းကောင်း၊ မဲရုံ၌ ဆန္ဒမဲပေးစေရန် သော်လည်းကောင်း အတင်းအကျပ်ပြုလုပ်ပိုင်ခွင့်မရှိပါ။ အကြောင်းအမျိုးမျိုးကြောင့် မဲရုံသို့ မလာရောက်နိုင်ကြသူများသည်လည်း မဲဆန္ဒရှင်များပင် ဖြစ်ပါသည်။ ၎င်းတို့၏ ရွေးကောက်မှုဆိုင်ရာ အခွင့်အရေး(လူ့အခွင့်အရေး)များ မဆုံးရှုံးရစေရန် ကြိုတင်မဲပေးပိုင်ခွင့်ကို ဥပဒေက ပြဋ္ဌာန်းခွင့်ပြုထားပြီးဖြစ်ပါ၍ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီသာ လိုက်နာဆောင်ရွက်ကြမည်ဆိုပါက တရားမျှတမှုကို အမှန်ပင်ရရှိနိုင်ကြောင်း ရေးသားတင်ပြအပ်ပေသည်။

ဥတုရာသီ တောကိုမို၏

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကုန် ရေထွက်ကုန်ပြည်ပတင်ပို့မှု ကန်ဒေါ်လာသန်းပေါင်း ၅၉၀ ကျော်ရရှိ

ရန်ကုန် မတ် ၉

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကာလအတွင်း ရေထွက်ကုန်များပြည်ပတင်ပို့ရာမှ ကန်ဒေါ်လာ ၅၉၄ ဒသမ ၀၇၄ သန်း ရရှိထားပြီဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန FIQC ဌာနခွဲမှ သတင်းရရှိသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်၏ ဧပြီ ၁ ရက်မှ မတ် ၄ ရက်အထိ ကာလအတွင်း ပုံမှန်ကုန်သွယ်ရေးမှ ၃၆၂ ဒသမ ၆၄ သန်း (၈၂ ဒသမ ၄ ရာခိုင်နှုန်း) တင်ပို့နိုင်ခဲ့ပြီး နယ်စပ်ကုန်သွယ်ရေး ထွက်ပေါက်များဖြစ်သော မူဆယ်မှ ၈၇ ဒသမ ၅၈ သန်း (၈၇ ဒသမ ၅၈ ရာခိုင်နှုန်း)၊ မြဝတီမှ ၃ ဒသမ ၅၅ သန်း(၁၇ ဒသမ ၇ ရာခိုင်နှုန်း)၊ ကော့သောင်းမှ ၂၅ဒသမ ၅ သန်း(၁၀၆ ဒသမ ၅၅ ရာခိုင်နှုန်း)၊ စစ်တွေမှ ၁၀ ဒသမ ၈၄ သန်း (၅၇ ဒသမ ၁ ရာခိုင်နှုန်း)၊ မြိတ်မှ ၉၇ ဒသမ သုံးသန်း (၁၀၉ ဒသမ ၃၇ ရာခိုင်နှုန်း)၊ မောင်တောမှ ၆ ဒသမ ၄၇ သန်း (၈၆ ဒသမ ၂၉ ရာခိုင်နှုန်း)၊ တမူးမှ သုညဒသမ ၀၅၈ သန်း (၁၁ ဒသမ ၆ ရာခိုင်နှုန်း)တို့အပါအဝင် စုစုပေါင်း ၅၉၄ ဒသမ ၀၇၄ သန်းရရှိခဲ့ကြောင်း သိရသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ရေထွက်ကုန်များပြည်ပတင်ပို့မှုမှ နိုင်ငံခြားငွေလျာထားချက်မှာ သန်း ၇၀၀ ဖြစ်ပြီး အဆိုပါ စာရင်းများအရ လျာထားချက်၏ ၈၄ ဒသမ ၈၇ ရာခိုင်နှုန်းကို အကောင်အထည်ဖော်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

အင်အားအနည်းငယ်ရှိ မြေလျှင်တစ်ခုလှုပ်ရှား

နေပြည်တော် မတ် ၉

ယနေ့နံနက် ၅ နာရီ ၂၃ မိနစ် ၅၀ စက္ကန့်အချိန်တွင် မန္တလေးမြေလျှင်စခန်းမှ မြောက်-အရှေ့မြောက်ဘက် မိုင် ၃၅၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (မြစ်ကြီးနားမြို့၏ မြောက်ဘက် မိုင် ၁၀၀ ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေလျှင်တစ်ခုလှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

☆ ပြည်သူ့လွှတ်တော်မှ

ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် အမေရိကန်ဒေါ်လာ(၄)သန်းတန်ဖိုးရှိသော အကူအညီပေးရေးကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ကြောင်း၊ ၎င်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် ငွေရရှိခြင်းမရှိသေးပါသဖြင့် နိုင်ငံတော်၏ ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားခြင်းမရှိပါကြောင်းနှင့် အိန္ဒိယအစိုးရကထောက်ပံ့ရန် ဆွေးနွေးခဲ့မှုများအပေါ် အခြားပြည်နယ်/တိုင်းဒေသကြီးများတွင် ဆောင်ရွက်သကဲ့သို့ အစိုးရချင်း ဆက်သွယ်ဆောင်ရွက်သည့် အစီအစဉ်ဖြင့် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်(၂)ဦး၏ စက်မှုကဏ္ဍဆိုင်ရာမေးခွန်း(၂)ခုနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်က ပြန်လည်ဖြေကြားသည်။

လွိုင်ကော်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို၏ **ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင် တည်ဆောက်ထားသောစက်မှုရပ်ကွက်အား အခြားစက်မှုဇုန်များနည်းတူ အဆင့်မြှင့်တင်နိုင်ရေး နိုင်ငံတော်က ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ **စက်မှုဇုန်တစ်ခု ဖြစ်ပေါ်လာရေးသည့် Infrastructure ကောင်းမွန်တိုးတက်ရန်အထောက်အကူပြုလုပ်ငန်းများ၊ သွင်းအားစုများဖြစ်သည့် မြေ၊ ရေ၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေး၊ လမ်းပန်းနှင့် အခြားစွမ်းအင်အစရှိသည်တို့ပြည့်စုံရန် လိုအပ်သည့်အပြင် ငွေကြေးအရလည်း ရင်းနှီးမြှုပ်နှံထားရန် လိုအပ်ပါကြောင်း၊ စက်မှုဇုန်မှထွက်ရှိလာမည့်ထုတ်ကုန်ပစ္စည်းများကို ပြည်နယ်အတွင်းသာမက ပြည်တွင်းရှိအခြားတိုင်းဒေသကြီး/ပြည်နယ်များအပြင် ပြည်ပသို့ပါ ပြန်လည်တင်ပို့ရောင်းချနိုင်ရေးအတွက်လည်း စဉ်းစားဆောင်ရွက်သွားရန်လိုအပ်**ပါကြောင်း။

သို့ဖြစ်၍ ကယားပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်ဖန်တီးခွင့်ရရှိရေးအတွက် လွိုင်ကော်စက်မှုဇုန်အား အကောင်အထည်ဖော်နိုင်ရန် အထက်ဖော်ပြပါ အခြေခံလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ ပြည့်စုံရေးသုံးသပ်စိစစ်ရင်း တစ်ဖက်ကလည်း ဖြစ်နိုင်ခြေ ရှိ/မရှိဆန်းစစ်လေ့လာမှုအားဆောင်ရွက်ပြီး ဆန်းစစ်ချက်အစီရင်ခံစာအပေါ် သုံးသပ်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရေနံချောင်းမဲဆန္ဒနယ်မှ ဒေါ်ဝင်းမော်ထွန်း၏ **နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသော ပြည်တွင်း(ပုဂ္ဂလိက)စက်မှုလုပ်ငန်းများအား နိုင်ငံတော်အစိုးရကမည်ကဲ့သို့ ပြောင်းလဲပံ့ဖော်ကူညီဆောင်ရွက်မည်ကို သိရှိလိုကြောင်း**မေးခွန်းနှင့် စပ်လျဉ်း၍ **ယခုအခါ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနကို ရန်ကုန်၌ ဖွင့်လှစ်တည်ထောင်ပြီး Data များဖြန့်ချိခြင်း၊ Media ကဏ္ဍမှ အသိပေးဆောင်ရွက်ခြင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရှိ ကျောင်းနှင့် တက္ကသိုလ်များအပြင် အခြားပြည်ပအကူအညီများဖြင့် Incubator များဖန်တီးပေးခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းတို့ ပူးပေါင်းအခြေခံ၍ Small and Medium Enterprises Development Agencies များထားရှိပြီး ဈေးကွက်နှင့် နည်းပညာများပံ့ပိုးမှု ဆောင်ရွက်ခြင်းဖြင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို SME Actors များနှင့်အတူ တက်ညီလက်ညီ တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်**ပါကြောင်း။

၎င်းအပြင် အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှုအနေဖြင့် အသေးစားနှင့်အလတ်စားစက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများသို့ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်မှ လိုအပ်သည့် ချေးငွေများကိုလည်း စိစစ်ထုတ်ချေးပေးလျက်ရှိပါကြောင်း။

မကြာမီကာလအတွင်း မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်ရှိ အစုရှယ်ယာရှင်များ၏ ထည့်ဝင်ငွေများ၊ အမတော်ကြေးကဲ့သို့ နိုင်ငံတော်အစိုးရ၏ထည့်ဝင်ငွေများနှင့် နိုင်ငံခြားရှိ Small and Medium Enterprises Bank များမှ သက်သာသော အတိုးနှုန်းဖြင့် ထုတ်ချေးမည့်ငွေများဖြင့်ပေါင်းစပ်၍ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဘဏ်အသွင်ဖြင့် စနစ်တကျဖွဲ့စည်းတည်ထောင်၍ အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် ငွေကြေးဆိုင်ရာဝန်ဆောင်မှုနှင့် ငွေအရင်းအနှီး ပံ့ပိုးကူညီရေးဆောင်ရွက်မှုများကိုပါ လုပ်ဆောင်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ်(၄)ဦး၏ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာမေးခွန်း(၄)ခုနှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပြန်လည်ဖြေကြားသည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး၏ **လယ်လုပ်ငန်းလုပ်ကိုင်စဉ် ငွေကြေးလိုအပ်ချိန်၌ စုဆောင်းငွေများပြန်လည်ထုတ်ယူခွင့်ရရှိလိုကြသဖြင့် ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိ၊ ၎င်းစုဆောင်းငွေပေါ်တွင် အတိုးငွေသတ်မှတ်ထုတ်ပေးထားခြင်း ရှိ/မရှိ၊ ၎င်းအတိုးငွေများကိုလည်း ငွေကြေးလိုအပ်ချိန်တွင် ပြန်လည်ထုတ်ယူခွင့်ရရှိလိုကြသဖြင့်ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိတို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင်စုဆောင်းထားသည့် တောင်သူလယ်သမားများ၏ စုဆောင်းငွေများကို မြန်မာ့စီးပွားရေးဘဏ်ငွေစုစာအုပ်များကဲ့သို့ ကာယကံရှင်၏ ဆန္ဒအရ ထုတ်ပေးရန်တင်ပြလာပါက ထုတ်ပေးလျက်ရှိနေပြီဖြစ်ပါကြောင်း၊ ယင်းသို့ ပြန်လည်ထုတ်ပေးရန်အတွက်လည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင်မူလကတည်းက လုပ်ထုံးလုပ်နည်းများရှိပြီးဖြစ်ပါကြောင်း။

၎င်းတောင်သူစုဆောင်းငွေများအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်သည့် အတိုးနှုန်းအတိုင်း အတိုးငွေထည့်သွင်းပေးလျက်ရှိပါကြောင်း၊ မြို့နယ်ဘဏ်ခွဲများသည် နှစ်စဉ်ဘဏ္ဍာရေးနှစ်ကုန်ဆုံးတိုင်း ငွေစုသူတစ်ဦးချင်း၏ စုငွေလယ်ဂျာများတွင် အတိုးတွက်ချက်ပေးထားပြီး ငွေစုသူက ငွေစုစာအုပ် လာရောက်တင်ပြပါက ငွေစုစာအုပ်တွင် အတိုးထည့်သွင်းပေးပါကြောင်း၊ ၂၀၁၀-၂၀၁၁ခုနှစ်တွင် ကျေးလက်ချေးတာစုဆောင်းအပ်နှံငွေအပေါ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ပေးသော အတိုးပမာဏမှာ ကျပ်သန်း(၅၀၈၅)ကျော်ရှိပါကြောင်း၊ သို့ဖြစ်၍ တောင်သူလယ်သမားများ ငွေကြေးလိုအပ်ချိန်တွင် အတိုးအပါအဝင်စုဆောင်းငွေများကိုထုတ်ယူလိုကြောင်း ဘဏ်သို့တင်ပြလာပါက ၎င်းတို့၏ စုဆောင်းငွေများအားစိစစ်ပြီး ထုတ်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင်၏ **ဒဂုံမြို့သစ်ဒေသ စိုက်ပျိုးရေးအထူးဇုန်(၁)နှင့် (၂)တွင် လုပ်ငန်းရှင်များနှင့်လယ်သမားများပူးပေါင်းပြီး ဧက(၁၀၀၀၀)ကို ခေတ်မီစက်ကိရိယာများနှင့် စက်မှုလယ်ယာစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှုလယ်ယာစံပြစိုက်ပျိုးရေးအထူးဇုန်အမှတ်(၁)နှင့်ဇုန်အမှတ်(၂)အတွင်းရှိ လယ်သမား(၁၀၈၅)ဦး၊ မြေဧရိယာ(၇၅၀၅)ဧကအတွက် တစ်ဧကလျှင် ကျပ်(၂၀၀၀၀)နှုန်းဖြင့် စုစုပေါင်းငွေကျပ်(၁၅၁၀)သိန်းထောက်ပံ့ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ဇုန်နယ်မြေအတွင်းရှိ လယ်တဲများနှင့် ဘုန်းကြီးကျောင်းများကိုလည်း မြို့ပြအိမ်ရာဖော်ထုတ်ထားပြီး ရပ်ကွက်အတွင်း အိမ်ရာမြေကွက်များအခမဲ့ပေး၍ ပြောင်းရွှေ့နေရာချထားပေးကာ လမ်းဖောက်လုပ်ပေးပြီးဖြစ်သည်ကို စိစစ်သိရှိရပါကြောင်း၊ အဆိုပါစံပြ စိုက်ပျိုးရေးအထူးဇုန်နယ်မြေအတွင်း လုပ်ကွက်အလိုက်ကုမ္ပဏီများက လယ်သမားများအား လယ်မြေတစ်ဧကလျှင် ကျပ်(၂၅၀၀၀)နှုန်း၊ ကျပ်(၄၀၀၀၀)နှုန်း၊ ကျပ်(၅၀၀၀၀)နှုန်းတို့ဖြင့် စုစုပေါင်းမြေ (၄၈၇၅)ဧကအတွက် ငွေကျပ်(၂၀၈၂)သိန်းနှင့်နေအိမ်များ အသစ်ဆောက်လုပ်ပေးခြင်းအတွက် ငွေကျပ် (၅၈၆) သိန်း စုစုပေါင်းကျပ်(၂၆၆၈)သိန်းကိုထောက်ပံ့ငွေအဖြစ် ထပ်မံပေးအပ်ခဲ့သည်ကိုလည်း သိရှိရပါကြောင်း။

ယခုနှစ် နွေစပါးရာသီကာလတွင် ကုမ္ပဏီများအနေဖြင့် အရှိန်အဟုန်မြှင့်တင်ပြီး စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးနှင့် အထူးအထွက်တိုးစပ်မျိုးစပါးများကို မျိုးစေ့ထုတ်လုပ်ငန်းအပါအဝင် စံနမူနာပြဇုန်အဖြစ် ပါဝင်စိုက်ပျိုးဆောင်ရွက်လျက်ရှိပါကြောင်း၊ မူလက ထိုဒေသအနီးပတ်ဝန်းကျင်တစ်ဝိုက်တွင် ရှိနေကြသော လယ်ယာလုပ်သားများအပါအဝင် ဒေသအသီးသီးမှအလုပ်လုပ်လိုသူများအတွက် ခေတ်မီစက်ကိရိယာမောင်းနှင်ခြင်းလုပ်ငန်း၊ ခေတ်မီစက်ကိရိယာထိန်းသိမ်းခြင်းလုပ်ငန်း၊ ကိုယ်တိုင်ပါဝင်စိုက်ပျိုးခြင်းလုပ်ငန်းစသည်ဖြင့် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဝင်ငွေများတိုးတက်ခံစားရရှိလျက်ရှိနေပါကြောင်း၊ ဂရင်းအေးရှားကုမ္ပဏီ၊ ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီတို့အနေဖြင့် နိုင်ငံခြားပညာရှင်များနှင့် ပူးပေါင်းပြီး စပ်မျိုးစပါးမျိုးစေ့များကို ခေတ်မီမျိုးစေ့ထုတ်လုပ်သည့်စက်များဖြင့် အသုံးပြုထုတ်လုပ်ပေးလျက်ရှိနေပြီဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးအတွက်သာမက နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုနိုင်နေပြီဖြစ်ပါကြောင်း။

ကိုယ်စားလှယ်တော်ကြီးအနေဖြင့် ၁၅-၂-၂၀၁၂ ရက်ထုတ် လယ်ယာစီးပွားသတင်းဂျာနယ်ကို ဖတ်ရှုလေ့လာပါက သိရှိနိုင်မည်ဖြစ်သကဲ့သို့ ကိုယ်တိုင်ကွင်းဆင်းလေ့လာမည်ဆိုပါကလည်း နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုမ္ပဏီများ၏တက်ကြွစွာဖြင့် ရင်းနှီးမြှုပ်နှံကြိုးပမ်းဆောင်ရွက်ချက်များကို တွေ့ရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထွက်ရှိလာမည့် အထူးအထွက်တိုးစပ်မျိုးစပါးများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းသာမက တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းအားဖြင့် နိုင်ငံတော်၏ ဆန်စပါးသီးနှံထုတ်လုပ်မှုကို များစွာအထောက်အကူဖြစ်စေပြီး ခေတ်မီစက်မှုလယ်ယာစံပြစိုက်ပျိုးရေးအထူးဇုန်အဖြစ် ဂုဏ်ယူဖွယ်ရာမြင်တွေ့ကြရတော့မည်ဖြစ်ပါကြောင်း၊ ယခင်ကလည်း အလားတူမေးခွန်းများကို လွှတ်တော်တွင် ဖြေကြားခဲ့ပြီးဖြစ်ပါကြောင်းဖြင့်ဖြေကြားသည်။

ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို၏ **ချင်းပြည်နယ် ကုန်းမြင့်လယ်ယာဖော်ထုတ်ပြီးစီးမှု၊ အသုံးပြုနိုင်မှုအခြေအနေနှင့်ပတ်သက်၍ ပြန်လည်စိစစ်တိုင်းတာရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ချင်းပြည်နယ်တွင် ၂၀၀၃ ခုနှစ်မှ စတင်၍ ယနေ့အထိ ဌာနယန္တရားနှင့်ဖော်ထုတ်ပြီးစီးမှု(၂၇၁၇ ဒသမ ၄)ဧကနှင့် တောင်သူများ မိမိအစီအစဉ်ဖြင့် ဖော်ထုတ်သည့် ဧက (၄၃၆၆ ဒသမ၀၇) တို့ဖြစ်ပါကြောင်း၊ အဆိုပါတောင်သူများ မိမိအစီအစဉ်ဖြင့်ဖော်ထုတ်ဧကများအနက် နိုင်ငံတော်အနေဖြင့် ဖော်ထုတ်စရိတ်ပံ့ပိုးပေးခဲ့သည်မှာ (၈၆၁ ဒသမ ၄၈)ဧက ဖြစ်ပါကြောင်း၊ ချင်းပြည်နယ်၌ ဒေသခံတိုင်းရင်းသားများအကျိုးဖြစ်ထွန်းစေရန် ဒေသဖြင့်ကိုက်ညီမည့် လက်ဖက်၊ ကော်ဖီ၊ ပိုးစာပင်များ စီးပွားဖြစ်စိုက်ပျိုးနိုင်ရေးအတွက် မျိုးထုတ်လုပ်ဖြန့်ဖြူးခြင်း၊ နည်းပညာဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ပံ့ပိုးကူညီမှု၊ ပြည်ထောင်စုဝန်ကြီးဌာနများပူးပေါင်းဆောင်ရွက်မှု၊ ချင်းပြည်နယ်အစိုးရအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် ဒေသခံတောင်သူများနှင့်ပူးပေါင်းဆောင်ရွက်သွားပါက ဒေသခံတောင်ယာလုပ်ကိုင်သူများ၏ဘဝကို မလွဲမသွေမြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း။

ချင်းပြည်နယ်၌ ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ခြင်းစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေးတို့အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ချင်းပြည်နယ်အစိုးရတို့ ပေါင်းစပ်ညှိနှိုင်း၍ အားနည်းချက်၊ အားသာချက်များကို စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး၏မေးခွန်းနှင့်ပတ်သက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ချင်းပြည်နယ်အစိုးရတို့ပူးပေါင်းပြီး အမြန်ဆုံးကွင်းဆင်းပြန်လည်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့်ဖြေကြားသည်။

ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို မေးမြန်းစဉ်။
(သတင်းစဉ်)

ရေနံချောင်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဝင်းမော်ထွန်း မေးမြန်းစဉ်။
(သတင်းစဉ်)

အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည်(ခ)ခိုင်မောင်ရည်၏ **နိုင်ငံတော်က ပြည်တွင်းဥယျာဉ်ခြံစိုက် လုပ်ငန်းရှင်များကို ချေးငွေများ၊ မျိုးစပ်မျိုးပွား၊ နည်းပညာများအပြင် ခြံထွက်သီးနှံဆိုင်ရာ သုတေသနဌာန၏ အကူအညီများဖြင့် မြန်မာ့သီးနှံဈေးကွက် မပျောက်စေရေးနှင့် ဈေးကွက်ယှဉ်ပြိုင်မှုစဉ်ဆက်မပြတ် တည်ရှိစေရေးအတွက် မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဥယျာဉ်ခြံသီးနှံစိုက်ပျိုးသူများကိုမူ နိုင်ငံတော်က လောလောဆယ်တွင် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးသည့် အစီအစဉ်မရှိသေးပါကြောင်း၊ ဥယျာဉ်ခြံသီးနှံများဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်သီးမျိုးများ၊ ဟင်းသီးဟင်းရွက်မျိုးများကို မျိုးကောင်းမျိုးသန့်များအသုံးပြုစိုက်ပျိုးထုတ်လုပ်နိုင်ရေး ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာနတွင် မြန်မာနိုင်ငံရာသီဥတုနှင့်ကိုက်ညီ၍ အရည်အသွေးကောင်းသော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို ရွေးချယ်စိုက်ပျိုးပြီး သုတေသနပြုဆောင်ရွက်ကာ မျိုးကောင်းမျိုးသန့်များကို ထုတ်လုပ်လျက်ရှိပါကြောင်း၊ သခွားမွှေးစပ်မျိုး၊ ဖရုံစပ်မျိုး၊ ခရမ်းစပ်မျိုး၊ ခရမ်းချဉ်စပ်မျိုးများကို ထုတ်လုပ်ပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ သီးနှံဈေးကွက်မပျောက်စေရေးနှင့် ဈေးကွက်ယှဉ်ပြိုင်မှု စဉ်ဆက်မပြတ် တည်ရှိစေရေးအတွက်လည်းကောင်း၊ နိုင်ငံတကာ ဈေးကွက်ဝင်သစ်သီးဝလံ နှင့် ဟင်းသီးဟင်းရွက်များ ထုတ်လုပ်တင်ပို့နိုင်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လည်းကောင်း ဖန်တီးဖော်ဆောင်ရန်ကိစ္စမှာ ဌာနဆိုင်ရာများ၊ စိုက်ပျိုးထုတ်လုပ်သူ များနှင့် ကုန်သည်လုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်နိုင်မှုအပေါ် မူတည်ပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နည်းပညာအကူအညီအပါအဝင် Public-Private-Partnership ဖွံ့ဖြိုးတိုးတက်လာစေရန် ပံ့ပိုးကူညီစီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အဆိုတင်သွင်းဆွေးနွေးခြင်းကဏ္ဍ၌ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုက **ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့် ရာဇသတ်ကြီးဥပဒေတို့ကို ပြင်ဆင်သင့်ကြောင်း**အဆိုကို တင်သွင်းသည်။

အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြသိမ်းက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် The Code of Criminal Procedure ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေများနှင့်အညီ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေအဖြစ် မူကြမ်းကိုပြုစုပြီးဖြစ်ပါကြောင်း၊ ယင်းဥပဒေမူကြမ်းတွင် ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကတင်သွင်းသည့် အဆိုပြုချက်များပါရှိပြီးဖြစ်ပါကြောင်း၊ အဆိုပါဥပဒေ(မူကြမ်း)ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ စိစစ်ရန်ပေးပို့ပြီး ဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ရာဇသတ်ကြီးဥပဒေကိုပြင်ဆင်သည့် ဥပဒေမူကြမ်းကိုပြုစုပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ စိစစ်ပေးရန်ပေးပို့ခဲ့ရာ ပြည်ထောင်စုရှေ့နေချုပ်ရုံးကစိစစ်ပြီး ပြင်ဆင်ရန်လိုအပ်သည်များကို ပြင်ဆင်ဆောင်ရွက်နိုင်ရန် အကြံပြုချက်ဖြင့် ပြန်လည်ပေးပို့ခဲ့ပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြင်ဆင်ရေးဆွဲခဲ့သည့် ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ကို ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီက တင်သွင်းသည့် အဆိုပြုချက်ပါအချက်များနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏အကြံပြုချက်များနှင့် အညီ လိုအပ်သည်များကိုပြင်ဆင်ပြီး ဥပဒေတစ်ရပ်အဖြစ်ပြဋ္ဌာန်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ အဆိုကို လွှတ်တော်က အတည်ပြုကြောင်း သဘောတူဆုံးဖြတ်သည်။

အလားတူ ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီအတွင်းရေးမှူး ဦးဌေးဝင်းက **၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ၊ ၁၉၅၁ ခုနှစ် အလုပ်ရုံများအက်ဥပဒေ၊ ၁၉၅၁ ခုနှစ် ဆိုင်များနှင့် အလုပ်ဌာနများအက်ဥပဒေ၊ ၁၉၃၆ခုနှစ် လုပ်ခပေးရေးအက်ဥပဒေ၊ ၁၉၅၀ခုနှစ် အလုပ်အကိုင်နှင့် သင်ကြားလေ့ကျင့်ရေးအက်ဥပဒေ၊ ၁၉၄၈ ခုနှစ် လယ်ယာအလုပ်**

အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာကံဇော် မေးမြန်းချက် များ ကို ပြန် လည် ဖြေကြားစဉ်။
(သတင်းစဉ်)

သမား အနည်းဆုံးအခကြေးငွေအက်ဥပဒေတို့ကို ပြင်ဆင်/ဖြည့်စွက်/ပယ်ဖျက်/အသစ်ပြဋ္ဌာန်းသင့်ကြောင်းအဆိုကို တင်သွင်းသည်။

အဆိုနှင့် စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က **၁၉၅၁ ခုနှစ် ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေနှင့်စပ်လျဉ်း၍ နိုင်ငံတစ်ဝန်းလုံးရှိ အလုပ်ဌာနများအားလုံး၊ အလုပ်သမားများအားလုံးနှင့် အကျုံးဝင်စေရန် ခေတ်နှင့်လျော်ညီစွာပြင်ဆင်ဖြည့်စွက်သွားရန် အစီအစဉ် ရှိပါကြောင်း၊ ၁၉၅၁ ခုနှစ် အလုပ်ရုံများအက်ဥပဒေနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ ပြင်ဆင်ဖြည့်စွက်သွားမည်ဖြစ်ပါကြောင်း၊ ၁၉၅၁ခုနှစ် ဆိုင်များနှင့် အလုပ်ဌာနများအက်ဥပဒေနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်များနှင့်ညီညွတ်စေရန်နှင့် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အကျုံးဝင်စေရန်၊ ထို့ပြင် အခြားပြင်ဆင်ရန်အချက်များကိုပါ အသစ်ပြန်လည်ရေးဆွဲသွားရန် သဘောတူပါကြောင်း၊ ၁၉၃၆ခုနှစ် လုပ်ခပေးရေးအက်ဥပဒေနှင့်စပ်လျဉ်း၍ ခေတ်နှင့်လျော်ညီစေရန် ပြင်ဆင်ဖြည့်စွက်သွားမည်ဖြစ်ပါကြောင်း၊ ၁၉၅၀ခုနှစ် အလုပ်အကိုင်နှင့် သင်ကြားလေ့ကျင့်ရေးအက်ဥပဒေနှင့်စပ်လျဉ်း၍ ဤဥပဒေသည် သင်တန်းကျောင်းများဖွင့်လှစ်ဆောင်ရွက်ခြင်းကို အစိုးရကသာ တာဝန်ယူဆောင်ရွက်ရသည့်စနစ်ဖြစ်ပါကြောင်း၊ ယခုအခါ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနနှင့် လုပ်ငန်းအမျိုးအစားများ များပြားလာခြင်းနှင့် အလုပ်သမားဦးရေ တိုးတက်လာခြင်း၊ ကျွမ်းကျင်မှုစံအမျိုးအစားများစွာရှိခြင်းတို့ကြောင့် အစိုးရတစ်ခုတည်းက ဆောင်ရွက်ရန် မဖြစ်နိုင်တော့သည့်အတွက် အစိုးရပိုင်းနှင့် ပုဂ္ဂလိကအလုပ်ရှင်အပိုင်း၊ အလုပ်သမားအပိုင်းကပါ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်**ပါကြောင်း၊ သို့ဖြစ်၍ ယခုအခါ အသစ်ပြန်လည်ရေးဆွဲလျက်ရှိပါကြောင်း၊ ၁၉၄၈ ခုနှစ် လယ်ယာအလုပ်သမား အနည်းဆုံးအခကြေးငွေအက်ဥပဒေနှင့်စပ်လျဉ်း၍ ၁၉၄၈ ခုနှစ် လယ်ယာအလုပ်သမား အနည်းဆုံးအခကြေးငွေဥပဒေနှင့် ၁၉၄၉ ခုနှစ် အနည်းဆုံးအခကြေးငွေဥပဒေဟူ၍ တည်ဆဲဥပဒေနှစ်ရပ်ရှိပါကြောင်း၊ ယခုအခါ အနည်းဆုံးအခကြေးငွေဥပဒေအသစ်(မူကြမ်း)ရေးဆွဲထားပြီး အထက်ပါ တည်ဆဲအနည်းဆုံးအခကြေးငွေ ဥပဒေနှစ်ရပ်ကို ရုပ်သိမ်းသွားရန်အစီအစဉ်ရှိပါသဖြင့် အဆိုပြုချက်အား လက်ခံနိုင်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၏အဆိုနှင့် စပ်လျဉ်း၍ သဘောမတူသူမရှိသည့်အတွက် လွှတ်တော်က အတည်ပြုဆုံးဖြတ်သည်။

ဥပဒေကြမ်း အတည်ပြုခြင်းကဏ္ဍ၌ မတ်လ (၆)ရက်က တင်သွင်းခဲ့သော **အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေကြမ်း**နှင့် **မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့်သေဆုံးသော သို့မဟုတ် ကျဆုံးသောတပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေကြမ်း**တို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးအတည်ပြုဆောင်ရွက်သည်။

အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေကြမ်းပါ အပိုဒ် ၁၊ အပိုဒ် ၂(က၊ ဂ၊ င)၊ အပိုဒ် ၃(က၊ ခ၊ ဃ)၊ အပိုဒ် ၄(က၊ ခ၊ ဂ)၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁ တို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အဆိုအတိုင်းလည်းကောင်း၊ အပိုဒ် ၂(ခ)နှင့်စပ်လျဉ်း၍ ယင်းမာပင် မဲဆန္ဒနယ်မှ ဦးသောင်းဟန်၏ ပြင်ဆင်ချက်အဆိုအတိုင်းလည်းကောင်း၊ အပိုဒ် ၃(ဂ)နှင့်စပ်လျဉ်း၍ ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန်၏ပြင်ဆင်ချက်အဆိုအတိုင်းလည်းကောင်း၊ အပိုဒ် ၈(ခ)နှင့် စပ်လျဉ်း၍ သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်း၏ပြင်ဆင်ချက်အဆိုအတိုင်းလည်းကောင်း လွှတ်တော်က သဘောတူဆုံးဖြတ်သည်။

စာမျက်နှာ ၉ ကော်လံ ၆ သို့ ✻

ဒီမိုကရက်တစ်ပါတီ(မြန်မာ)က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် မတ် ၉

ဒီမိုကရက်တစ်ပါတီ(မြန်မာ) ဥက္ကဋ္ဌ ဦးသုဝေနှင့် ပါတီအတွင်းရေးမှူးချုပ် ဒေါ်သန်းသန်းနုတို့က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို မတ် ၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

လေးစားအပ်ပါသော ပြည်ထောင်စု၏ ပြည်ထောင်စုသားများ ရွှင်လန်းချမ်းမြေ့ကြပါစေခင်ဗျာ။

လူကြီးမင်းများခင်ဗျာ-

ကြားဖြတ်ရွေးကောက်ပွဲမှာ ဒီမိုကရက်တစ်ပါတီ(မြန်မာ)ကလည်း ယှဉ်ပြိုင်အရွေးခံမှာ ဖြစ်တဲ့အတွက် ပါတီရဲ့ သဘောထားကို ကျွန်တော်ပြောပြပါမယ်။

လူကြီးမင်းများခင်ဗျာ-

မြန်မာနိုင်ငံရဲ့ အခုကာလဟာ ခေတ်စနစ်အပြောင်းအလဲဖြစ်တဲ့အတွက် အလွန်အရေးကြီးပါတယ်။ အပြောင်းအလဲဖြစ်ရေးနဲ့ မြန်မြန်လည်း အောင်မြင်ရေးကို အားလုံးကြိုးစားကြဖို့ပါ။

အပြောင်းအလဲလုပ်ရာမှာ အားလုံးဝိုင်းလုပ်သင့်ပေမယ့် အချို့အစိုးရအဖွဲ့ထဲမှာရော၊ နိုင်ငံရေးပါတီတွေထဲမှာလည်း ဆန့်ကျင်သူများရှိကြပါတယ်။ အပြောင်းအလဲမှာ အမြတ်ထုတ်လိုသူတွေလည်းရှိမယ်။ ဖျက်ဆီးနှောင့်ယှက်လိုသူတွေလည်း ရှိမယ်။ ဒီအပြောင်းအလဲကာလကို အခွင့်အရေးယူပြီး သွေးထိုးတတ်ပါတယ်။ ကောင်းသော ပြုပြင်ရေးလမ်းကြောင်းမှ တိမ်းစောင်းမသွားရအောင် သတိကြီးစွာထားဖို့ လိုအပ်ကြောင်း ပြောချင်ပါတယ်။

လူကြီးမင်းများခင်ဗျာ-

အမျိုးသားညီညွတ်ရေးနဲ့ပတ်သက်ပြီး မြန်မာတွေ ညီညွတ်ကြမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံကို အမှန်တကယ် ကျေးဇူးပြုနိုင်ပါတယ်။ ဒါပေမယ့် ညီညွတ်ရေးဆိုတာ အပြောလွယ်သလောက် လက်တွေ့မှာခက်ပါတယ်။ ခက်ပေမယ့်လည်း ကွဲလွဲမှုများမှ ညီညွတ်မှုကို တည်ဆောက်ကြရတာပဲ။

အမှန်ပြောရရင် မြန်မာနိုင်ငံမှာ လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး ပြည်သူတွေအချင်းချင်း ချစ်ခင်ညီညွတ်ကြပါတယ်။ ခေါင်းဆောင်လုပ်တဲ့သူအချို့ကသာ ပါတီဂိုဏ်းဂဏစွဲ၊ လူမျိုးရေး ဂိုဏ်းဂဏစွဲ၊ ဝါဒရေး ဂိုဏ်းဂဏစွဲတွေကြောင့် စိတ်ဝမ်းကွဲကြတာပါ။ ဒါကို နားလည်မှုရှိစွာနဲ့ သည်းခံပြီး လုံ့လဝီရိယထုတ်ကြိုးပမ်းကြတာကို ကျွန်တော်တို့ အားပေးပါတယ်။ နိုင်ငံတကာနဲ့တောင်မှ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေရေးလုပ်နိုင်သေးရင် အမျိုးသားချင်းညီညွတ်အောင်လုပ်နိုင်မှာဖြစ်ပါတယ်။

လူကြီးမင်းများခင်ဗျာ-

ဒီမိုကရေစီရေးနဲ့ပတ်သက်လို့ ဒီမိုကရေစီကို တမ်းတမျှော်လင့်နေရုံနဲ့ မရဘူးဆိုတာ အားလုံးသိပါတယ်။ လူထုအချုပ်အခြာအာဏာပိုင်တဲ့ ဝါဒဖြစ်တဲ့အတွက် လူထုကို အရည်အချင်းပြည့်ဖို့နဲ့ ပြည့်စုံအောင် ပညာရေးကို အားပေးဖို့ လိုပါတယ်။ ဒီတော့မှ ပြည်သူတွေကိုယ်တိုင် ဒီမိုကရေစီကို ကြိုးစားတည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ဒီမိုကရက်တစ်ပါတီ(မြန်မာ)က ပညာရေးကို ဦးစားပေးဆောင်ရွက်တဲ့ဝါဒထားရှိပါတယ်။

လူကြီးမင်းများခင်ဗျာ-

ပြည်သူတွေ ပညာရေးပြည့်စုံအောင်လေ့လာနိုင်ဖို့ ကျန်းမာရေးပြည့်စုံဖို့လည်း လိုပြန်ပါတယ်။ ဆေးဝါးလုံလုံလောက်လောက်နဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ပြည်သူတွေရရှိဖို့၊ အခမဲ့ဆေးကုသခံရဖို့ အရေးကြီးပါတယ်။

လူကြီးမင်းများခင်ဗျာ-

တရားဥပဒေစိုးမိုးရေးနဲ့ ပတ်သက်လို့လည်း တရားမျှတမှုကို လူတိုင်းလိုချင်ကြပါတယ်။ အုပ်ချုပ်ရေးဘက်မှ စွက်ဖက်ပြီး မတရားဆုံးဖြတ်ခိုင်းတာတွေရှိခဲ့ပါတယ်။ အဂတိလိုက်စားပြီး မမှန်မကန်ဆုံးဖြတ်တာရှိခဲ့ဖူးပါတယ်။ ဒါတွေ ပပျောက်သွားအောင် အစိုးရက ဆောင်ရွက်ဖို့လိုပါတယ်။ တစ်ပြိုင်နက်တည်းမှာ သတင်းလွတ်လပ်မှုရှိရင် မတရားမှုကို ထိန်းသွားနိုင်မှာဖြစ်ပါတယ်။ ဒါလည်းဒီမိုကရက်တစ်ပါတီ(မြန်မာ)က ဆောင်ရွက်မယ့် ရည်မှန်းချက်ဖြစ်ပါတယ်။

လူကြီးမင်းများခင်ဗျာ-

စီးပွားရေးနဲ့ ပတ်သက်လို့လည်း ဈေးကွက်စီးပွားရေးမှာ နိုင်ငံသားများ တန်းတူအခွင့်အရေးများရရှိစေရပါမယ်။ ကိုယ်စွမ်းကိုယ်စတွေ ထုတ်လာနိုင်အောင်၊ လုပ်ငန်းရှင်တွေ ရင်းနှီးမြှုပ်နှံလာအောင် အစိုးရက ကူညီထောက်ပံ့ပေးရပါမယ်၊ နိုင်ငံတကာမှ လုပ်ငန်းရှင်များလည်း ရင်းနှီးမြှုပ်နှံနိုင်အောင် ကြိုးပမ်းရမှာဖြစ်ပါတယ်။

လူကြီးမင်းများခင်ဗျာ-

မြန်မာပြည်ထောင်စုသားများအနေနဲ့ ဒီပြည်ထောင်စုကြီးဟာ ဒို့ပြည်ထောင်စု၊ ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်အောင် ဒို့လုပ်ရမယ်၊ ဒို့တာဝန်ရှိတယ်ဆိုတဲ့ စိတ်ဓာတ်မျိုး မွေးမြူကြရပါမယ်။

ဒါကြောင့် ဒို့ပြည်ထောင်စုသားတွေ ချစ်ခင်ညီညွတ်ကြရမယ်။ ဒီမိုကရေစီကို တည်ဆောက်ကြရမယ်။ အချင်းချင်းရန်ဖြစ်နေလို့ တိုးတက်မှာ မဟုတ်ဘူး၊ အချင်းချင်း ချစ်ခင်မှ တိုးတက်မှာဖြစ်ပါတယ်။

ချစ်ခင်မှုနဲ့ တိုးတက်အောင်လုပ်ရေးဟာ ဒီမိုကရက်တစ်ပါတီ(မြန်မာ)ရဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။ မြန်မာနိုင်ငံကြီးဟာ နေချင်စဖွယ် ဒီမိုကရေစီနိုင်ငံကြီးဖြစ်ရေးအတွက် ဒီမိုကရက်တစ်ပါတီ(မြန်မာ)က ပြည်သူတို့နဲ့အတူ ကြိုးစားသွားမှာဖြစ်ပါတယ်။

ဒီမိုကရက်တစ်ပါတီရဲ့ သင်္ကေတက ကြယ်နီ (၁၄) လုံးရံထားတဲ့ အလယ်မှာ ပျော်ရွှင်မြူးထူးစွာ က,နေတဲ့ အစိမ်းရောင် က,ဒေါင်းပါပဲ။ အဓိပ္ပာယ်ကတော့ ပြည်သူတစ်ရပ်လုံး ပျော်ရွှင်ချမ်းမြေ့ဖို့ ရည်ရွယ်ရင်းဖြစ်ပါတယ်။

ကျေးဇူးတင်ပါတယ်။

ချစ်ခင်လေးစားရပါတဲ့ မိဘပြည်သူအပေါင်းတို့ရှင်-

ကျွန်မတို့ ဒီမိုကရက်တစ်ပါတီ(မြန်မာ)က အခုလာမယ့် ဧပြီလ ၁ ရက်နေ့မှာ ကျင်းပဖို့ရှိတဲ့ ကြားဖြတ်ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဦးမှာ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့က ကျင်းပပေးခဲ့တဲ့ အထွေထွေရွေးကောက်ပွဲမှာလည်း ကျွန်မတို့ပါတီက ကိုယ်စားလှယ်လောင်းတွေ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံမှာ နှစ်ပေါင်း (၅၀)နီးပါး ဒီမိုကရေစီအစဉ်အလာတွေ ဆိတ်သုဉ်းခဲ့ရာက ၂၀၁၀ ခုနှစ်မှာ အထွေထွေရွေးကောက်ပွဲကျင်းပပေးမယ်လို့ အဲ့ဒီအချိန်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ စစ်အစိုးရအဖွဲ့အနေနဲ့ ကြေညာခဲ့ချိန်ဟာ “နိုင်ငံရေး” ဆိုတဲ့စကားလုံးကို ကြားရရုံနဲ့ ပြည်သူလူထုကြားမှာ ဘဝပျက်လုနီးပါးတွေ့ကြုံခံစားခဲ့ရတဲ့အချိန်၊ အထွေထွေရွေးကောက်ပွဲတွေနဲ့ နှစ်ပေါင်း (၂၀)ကျော်ကင်းကွာနေခဲ့ရတာကြောင့် ဒီကာလအတောအတွင်း မွေးဖွားခဲ့တဲ့ ဆန္ဒမဲပေးနိုင်သူလူငယ် လူရွယ်တွေအတွက် အတွေ့အကြုံလိုအပ်နေချိန်၊ တစ်ဖက်က အာဏာရှိသူများရဲ့ ဖိနှိပ်ခြိမ်းခြောက်မှုအမျိုးမျိုးခံခဲ့ရပြီး တစ်ဖက်က ဒီမိုကရေစီ လိုလားပါတယ်ဆိုသူတချို့ရဲ့ မဲမပေးရေးလှုံ့ဆော်မှုတွေကြားမှာ ပြည်သူလူထု ဇဝေဇဝါ ဖြစ်ခဲ့ချိန်လည်းဖြစ်ပါတယ်။ အဲ့ဒီလို မရေမရာဖြစ်နေချိန်မှာ ကျွန်မတို့ ဒီမိုကရက်တစ်ပါတီ (မြန်မာ)က အထွေထွေရွေးကောက်ပွဲများမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ မမိုတ်မသုန် ဆုံးဖြတ်ခဲ့ပါတယ်။

ချစ်ခင်လေးစားရပါတဲ့ မိဘပြည်သူအပေါင်းတို့ရှင်-

အခက်အခဲပြဿနာအမျိုးမျိုးကြားက အခုလိုရွေးကောက်ပွဲများမှာ ပါဝင်ယှဉ်ပြိုင်ရခြင်းဟာ ပြည်သူ့အစိုးရဖွဲ့စည်းရေး စစ်မှန်တဲ့ပြည်သူ့ကိုယ်စားလှယ်များလွှတ်တော်ထဲရောက်ရှိပြီး ပြည်သူလူထုရဲ့ နစ်နာမှုတွေကို ထိထိရောက်ရောက်ဖြေရှင်းပေးနိုင်ရေးအတွက် ဖြစ်ပါတယ်။ စစ်မှန်တဲ့ပြည်သူ့ကိုယ်စားလှယ်များလွှတ်တော်ထဲရောက်ရှိရေးဟာ နိုင်ငံရေးပါတီများမှာ တာဝန်ရှိသလို ပြည်သူလူထုမှာလည်း တာဝန်အပြည့်အဝ ရှိပါတယ်။ ကိုယ်စားလှယ်လောင်းဟာ နိုင်ငံရေးစိတ်ဓာတ်ရာနှုန်းပြည့်ရှိပြီး နိုင်ငံရေးအတွေ့အကြုံရင့်ကျက်သူ ဖြစ်ရပါလိမ့်မယ်။ တောင်သူဦးကြီးဟာ မိမိလယ်ယာမြေအခြေအနေကို သိရှိရသလို ကျောင်းဆရာ ဆရာမဟာ ကျောင်းသူ ကျောင်းသားတွေရဲ့ သဘောသဘာဝကို သိရှိပြီး ပညာပို့ချနိုင်အောင် မိမိကိုယ်တိုင်လည်း ပညာတတ်ဖို့လိုကြောင်း လေးစားအပ်တဲ့ မိဘပြည်သူများ သိရှိပြီးဖြစ်ပါတယ်။ အလားတူပါပဲ နိုင်ငံရေးသမားတစ်ဦးဟာလည်း နိုင်ငံရေးမှာ အထူးအရေးပါတဲ့ ပြည်သူတွေအကြောင်း နှံ့နှံ့စပ်စပ်သိရှိဖို့လိုအပ်ပါတယ်။ ကျွန်မတို့ဒီမိုကရက်တစ်ပါတီ(မြန်မာ)က ကိုယ်စားလှယ်လောင်း ဦးသုဝေဟာ အသက်(၁၃)နှစ်အရွယ်ကတည်းက နိုင်ငံရေးနယ်ပယ်မှာ အောက်ခြေကစပြီး ထိတွေ့လာခဲ့သူဖြစ်သလို အထက်တန်းကျောင်းသားဘဝကတည်းက ကျောင်းသားသမဂ္ဂကို ကိုယ်တိုင်ကိုယ်ကျ ထူထောင်ပေးခဲ့ပြီး အမှုဆောင်အဖြစ်လည်း ပါဝင်ခဲ့ပါတယ်။ တက္ကသိုလ်ကျောင်းသားဘဝမှာလည်း ဗ-က-သ တွဲဖက်အတွင်းရေးမှူးအဖြစ်နဲ့ရော၊ တောင်ငူခရိုင်အသင်း အတွင်းရေးမှူးအဖြစ်ရော တာဝန်ယူဆောင်ရွက်ခဲ့သူဖြစ်ပါတယ်။ ကျောင်းသားခေါင်းဆောင်အဖြစ် နိုင်ငံတကာညီလာခံတွေလည်း တက်ရောက်ခွင့် ရရှိခဲ့သူဖြစ်ပါတယ်။ ဦးသုဝေဟာ သူ့ဘဝတစ်လျှောက်လုံး ကိုယ်ကျိုးမဖက်အနစ်နာခံခဲ့သူပီပီ သာမန်ပြည်သူထဲက ပြည်သူတစ်ယောက်အဖြစ် မပြည့်မစုံနေလာသူဖြစ်တယ်ဆိုရင် စောဒကတက်မယ့်သူ ရှိမယ်မထင်ပါ။

ချစ်ခင်လေးစားအပ်တဲ့ မိဘပြည်သူအပေါင်းတို့ရှင်-

နိုင်ငံရေးခေါင်းဆောင်တစ်ဦးဟာ အပြောအဟောကောင်းရမယ်၊ နိုင်ငံရေးသက်တမ်းရှည်သူဖြစ်ရမယ်၊ ခေတ်အဆက်ဆက် နိုင်ငံရေးတိုက်ပွဲ ဝင်ဖူးသူလည်းဖြစ်ရမယ်လို့ ပြောဆိုလေ့ရှိကြပါတယ်။ ဒါပေမယ့် အပြောအဟောကောင်းရုံ၊ နိုင်ငံရေးသက်တမ်းရှည်ရုံ၊ ခေတ်အဆက်ဆက်နိုင်ငံရေးတိုက်ပွဲမှာ ပါဝင်ဖူးရုံနဲ့ မပြီးသေးပါဘူး၊ ပြည်သူလူထုအရေး ရှေ့တန်းတင်ပြီး ပြည်သူလူထုအရေးကို အစဉ်ထာဝရ ရင်ဝယ်ပိုက်ရင်း စိတ်ကောင်းစေတနာမှန်နဲ့ ဖြေရှင်းဆောင်ရွက်တတ်ဖို့ ဗြဟ္မစိုရ်တရားလက်ကိုင်ထားတတ်သူလည်းဖြစ်ရမယ်လို့ ဖတ်ဖူးမှတ်ဖူးပါတယ်။ ဒါကြောင့် မိဘပြည်သူအပေါင်းရဲ့ ယုံကြည်ကိုးစားမှုကို ခံယူရင်း စစ်မှန်တဲ့ ပြည်သူ့အစိုးရဖွဲ့စည်းရေးကြိုးပမ်းဆောင်ရွက်သွားပါမယ်၊ နိုင်ငံနဲ့ ပြည်သူတို့အတွက် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ကဏ္ဍများမှာလည်း အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပါ့မယ်လို့ သန္နိဋ္ဌာန်ပြုပါတယ်။ လေးစားရပါတဲ့ ရဟန်းရှင်လူ မိဘပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။ ကျေးဇူးတင်ပါတယ်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၀-၃-၂၀၁၂ (စနေနေ့)

၇း၀၅	တရားတော် **- ရှင်သန်နေသရွေ့ (အပိုင်း-၆)**
၇း၂၀	ဓမ္မပူဇာတေး
၈း၀၀	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၅	မှတ်တမ်း
၁၁း၂၅	-ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရှုပ်ကလေးများ (အပိုင်း-၃၇)
၁၂း၀၀	**မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ဒုတိယမြောက် ဥယျာဉ်တော် (မြင့်မြတ်၊ ခိုင်သင်းကြည်နှင့် သရုပ်ဆောင်များ) (ဒါရိုက်တာ-ဝိုင်း)**
၂း၀၀	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့သီချစ်သူဆီ (အပိုင်း-၆၀)**
၄း၁၅	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၄း၃၅	လျှပ်တစ်ပြက်
၅း၁၀	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၂၀	စားဖိုဆောင်ချစ်သူ
၆း၄၀	ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇း၀၀	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း**
၈း၀၀	မြဝတီရုပ်မြင်သံကြား သတင်း နိုင်ငံရေးပါတီများ ဟောပြောချက် - ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ - အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ် - လူ့ရွှင်တော်စတား - အင်္ဂလိပ်စာသုတ **- ရသစုံလင် ရုပ်မြင်ဇာတ်လမ်း “ကိုလူချောလေးရဲ့ ဒုတိယအစီအစဉ်” (အပိုင်း-၃) -ရသစုံလင် ရုပ်မြင်ဇာတ်လမ်း “အရဏ်ဦးရဲ့ လင်းသံစဉ်” (အပိုင်း-၈)**

ရေကြောင်းသတိပေးချက်ထုတ်ပြန်

ရန်ကုန် မတ် ၉

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေ တူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Pre- Engineering Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် SG Honour ဖြင့် ကမ်းခြေအနီးလမ်းကြောင်းတစ်လျှောက် တည်နေရာဖြစ်သော Lanfall Point မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၂ မိနစ် (၄၃ ဒသမ ၀၈၇ စက္ကန့်)၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၅ မိနစ် (၂၆ ဒသမ ၆၄၅) စက္ကန့်မှ Point KP 219 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၇ မိနစ် (၃၀ ဒသမ ၂၃၄ စက္ကန့်)၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ် (၁၂ ဒသမ ၁၅၈ စက္ကန့်) အထိကို မတ် ၁၁ရက်မှ ၂၆ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Pre- Engineering Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် SG Honour ဖြင့်ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ ကမ်းခြေအနီးလမ်းကြောင်းတစ်လျှောက် ဧရိယာမှ (၄)ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက သတိပေးချက် ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

စည်းကမ်းလိုက်နာ ဘေးကင်းကွာ စုပေါင်းကာကွယ် ယာဉ်အန္တရာယ်

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် မတ် ၉

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ ဥပဒေအကြံပေး ဒေါ်မြင့်မြင့်ဝေက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို မတ် ၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

မိဘပြည်သူအားလုံး မင်္ဂလာပါရှင် -

ကျွန်မကတော့ မိမြင့်မြင့်ဝေဖြစ်ပါတယ်ရှင်၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ All Mon Regions Democracy Party ရဲ့ ဥပဒေအကြံပေးဖြစ်ပါတယ်ရှင်။

ကျွန်မတို့ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီသည် ၂၀၁၀ ရွေးကောက်ပွဲတွင် ကိုယ်စားလှယ် ၃၄ ဦးဝင်ရောက်ရွေးချယ်ခံခဲ့ရာ ကိုယ်စားလှယ် ၁၆ ဦး ရွေးချယ်ခံခဲ့ရပါတယ်ရှင်၊ မွန်ပြည်နယ်အစိုးရအဖွဲ့မှာ ဝန်ကြီး (၂)နေရာနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့မှာ ဝန်ကြီး(၂)နေရာ၊ ပြည်သူ့လွှတ်တော်တွင် (၃)နေရာ၊ အမျိုးသားလွှတ်တော်တွင် (၄)နေရာ၊ မွန်ပြည်နယ်လွှတ်တော်တွင်(၇)နေရာ၊ ကရင်ပြည်နယ်လွှတ်တော်တွင် (၂)နေရာ အသီးသီး ပြည်သူ့တာဝန်များကို ထမ်းရွက်နေပါတယ်။

မိဘပြည်သူအပေါင်းတို့ရှင် -

ဒီမိုကရေစီထွန်းကားရေးနှင့် တစ်ဦးချင်းလူ့အခွင့်အရေးအပြည့်အဝရရှိရေး၊ လူမျိုးတစ်မျိုးချင်း တန်းတူရေးရှိသော ပြည်ထောင်စုနိုင်ငံတော်ကြီး ကြိုးပမ်းတည်ဆောက်ရာတွင် မွန်အမျိုးသားထုကလည်း ပြည်သူတစ်ရပ်လုံးနှင့်အတူ အပတ်တကုတ်ပါဝင်လျက်ရှိကြပါတယ်။ ထိုကဲ့သို့အခါမလပ် ကြိုးပမ်းလျက်ရှိစဉ် နိုင်ငံတော်အစိုးရ၏ ပါတီစုံရွေးကောက်ပွဲကျင်းပမည့်ကြေညာချက်ထွက်လာပြီး မရှေးမနှောင်းမှာပင် မွန်ဒေသအနှံ့မှ လူကြီးလူငယ်များ မော်လမြိုင်မြို့တွင် စုရုံးပြီး ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်အရွေးခံသင့်ကြောင်း အခိုင်အမာဆွေးနွေးဆုံးဖြတ်ချက်ချခဲ့ကြပါတယ်။ သို့ဖြစ်၍ ၂၀၁၀ ခုနှစ် မေလ ၁၂ ရက်နေ့တွင် ပါတီတည်ထောင်လိုသူ (၁၅) ဦးဖြင့် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ All Mon Regions Democracy Party အမည်ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီတည်ထောင်ခွင့်ပြုခြင်းနှင့် မှတ်ပုံတင်ခွင့်ပြုခြင်းအတွက် တင်သွင်းလျှောက်ထားခဲ့ပါတယ်။ လျှောက်ထားချက်အရ ၂၀၁၀ ခုနှစ် မေလ ၂၄ ရက်နေ့တွင် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုကြောင်းအကြောင်းပြန်ကြားခဲ့ပါတယ်။

မိဘပြည်သူအပေါင်းတို့ရှင့် -

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ၏ နိုင်ငံရေးသဘောထားနှင့် လုပ်ငန်းစဉ်များကို အောက်ပါအတိုင်း အကျဉ်းချုပ်၍ ဖော်ပြအပ်ပါတယ်-

(က) နိုင်ငံရေးဝါဒ သဘောထား

၁။ ပြည်သူတစ်ရပ်လုံး ဒီမိုကရေစီနှင့် လူ့အခွင့်အရေး အပြည့်အဝရရှိစေရန်။
၂။ တန်းတူရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပေါ် အခြေခံသော ခိုင်မာသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုတည်ဆောက်ရန်။
၃။ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရန်။
၄။ စစ်မှန်သော ပြည်ထောင်စုပေါ်ထွန်းတည်တံ့ခိုင်မြဲရန်။
၅။ အဂတိလိုက်စားမှုနှင့် အကျင့်ပျက်ခြစားမှုများကို တိုက်ဖျက်သွားရန်။
၆။ လူမှုဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားရန်။
၇။ ငြိမ်းချမ်းသော ကမ္ဘာ့လူနေမှုစနစ် ထွန်းကားလာရေးအတွက် ဆောင်ရွက်သွားရန်။

(ခ) ပါတီ၏လုပ်ငန်းစဉ်

နိုင်ငံရေးကဏ္ဍ

၁။ အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီကျင့်စဉ်များကို ပြည်သူများ အပြည့်အဝခံစားကျင့်သုံးနိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်။
၂။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အဖြေရှာတည်ဆောက်မည်။
၃။ ပါတီစုံဒီမိုကရေစီနည်းဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် တန်းတူရည်တူ ပြည်နယ်များဖြင့် ဖွဲ့စည်းသော ပြည်ထောင်စုနိုင်ငံတော်ကို တည်ဆောက်သွားမည်။
၄။ မဟာလူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒကို တိုက်ဖျက်၍ လူမျိုးပေါင်းစုံသွေးစည်းချစ်ကြည်ရေးကို တည်ဆောက်သွားမည်။
၅။ ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို လျစ်လျူရှုပြီး လူတစ်စု၏ အကျိုးစီးပွားကို အကာအကွယ်ပေးသောစနစ် ပေါ်ပေါက်လာခြင်းမရှိစေရန် ဆောင်ရွက်သွားမည်။

- **စီးပွားရေးကဏ္ဍ**

၁။ ခေတ်နှင့်လျော်ညီသည့် လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ကို ထူထောင်သွားမည်။
၂။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကြီးထွားလာအောင် ဆောင်ရွက်မည်။
၃။ ခေတ်မီနည်းပညာများဖြင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်။
၄။ တိုင်းရင်းသားကုန်ထုတ်လုပ်ငန်းများအား ခေတ်မီစက်မှုနည်းပညာနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ဈေးကွက်ရရှိအောင် ဆောင်ရွက်သွားမည်။

- **လယ်ယာကဏ္ဍ**

၁။ ခေတ်မီနည်းပညာနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြင့် စက်မှုလယ်ယာလုပ်ငန်းတိုးတက်အောင်ဆောင်ရွက်မည်။
၂။ မြေယာမဲ့ဆင်းရဲသော လယ်သမားများအတွက် သင့်လျော်သော မြေဧကရရှိစေရန်နှင့် လယ်လုပ်သူတိုင်း လယ်ပိုင်ခွင့်ရရှိရန် ကြိုးပမ်းသွားမည်။
၃။ လယ်ယာမြေထွက်ကုန်များ ဈေးကွက်ရရှိစေရေးအတွက် ကူညီဆောင်ရွက်သွားမည်။

- **အလုပ်သမားကဏ္ဍ**

၁။ လူမျိုး၊ ဘာသာ၊ လိင်၊ ဒေသခွဲခြားခြင်းမရှိဘဲ အလုပ်လုပ်ခွင့်တွင် တန်းတူအခွင့်အရေးရှိစေရမည်။
၂။ ရုံးအမှုထမ်းနှင့် အလုပ်သမားများ အလုပ်လုပ်နိုင်ခွင့်နှင့် လုပ်အားကုန်ခန်းသည့် ကာလများ၌ ဘဝအာမခံချက်ရရှိစေမည့် လူမှုစနစ်ကို ထူထောင်မည်။
၃။ အလုပ်သမားများ ရရှိထိုက်သောအခွင့်အရေးများ ခံစားရရှိနိုင်ရန် ကြိုးပမ်းသွားမည်။

- **ပညာရေးကဏ္ဍ**

၁။ လူတိုင်းစာတတ်မြောက်ရေးစနစ်ကို အကောင်အထည်ဖော်မည်။
၂။ အခမဲ့မသင်မနေရ အခြေခံပညာရေးစနစ်ကို အကောင်အထည်ဖော်မည်။
၃။ နိုင်ငံတော်၏ ကြီးကြပ်မှုအောက်တွင် ပုဂ္ဂလိကပညာရေးစနစ်ကို အားပေးမည်။
၄။ အထက်တန်းပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ဆောင်ရွက်မည်။
၅။ တိုင်းရင်းသားတို့၏ ဒေသများတွင် သက်ဆိုင်သည့်တိုင်းရင်းသားလူမျိုးတို့၏ စာကို သင်ကြားခွင့်ရရှိအောင် ဆောင်ရွက်မည်။

- **ယဉ်ကျေးမှုကဏ္ဍ**

၁။ လူမျိုးစုများ၏ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေး တန်းတူရရှိစေရမည်။
၂။ လူမျိုးစုများနှင့် ဒေသများ၏ သမိုင်းအမွေအနှစ်များကို ယင်းလူမျိုးစု၊ ယင်းဒေသများ၏ ကြန်အင်လက္ခဏာအတိုင်း တည်ရှိစေရေးအတွက် အကာအကွယ်ပြုမည်။ ထိန်းသိမ်းမည်။
၃။ မွန်အပြောဘာသာစကား၊ မွန်အရေးဘာသာစကားများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်။
၄။ အမျိုးသား ယဉ်ကျေးမှု ဖွံ့ဖြိုး တိုးတက်ရေးအတွက်ဘာသာစကား၊ စာပေများ၊ လေ့လာရေးတွင် အားပေးထောက်ကူမည်။

- **ကျန်းမာရေးကဏ္ဍ**

၁။ ညီမျှသော ကျန်းမာရေး စောင့်ရှောက်မှုစနစ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးမည်။
၂။ ကုသမှုနှင့် ကာကွယ်ရေးကို ဟန်ချက်ညီအောင်ဆောင်ရွက်မည်။
၃။ အန္တရာယ်ဖြစ်နိုင်ခြေရှိသောအုပ်စုများ၏ ကျန်းမာရေးအတွက် ဦးစားပေးကာကွယ်စောင့်ရှောက်မှုပေးမည်။

- **လူငယ်ကဏ္ဍ**

လူငယ်တို့၏ဗလ (၅)တန် တိုးတက်မှုကို ဆောင်ရွက်သွားမည်။ အမျိုးသမီးတို့၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သွားမည်။

- **မသန်မစွမ်းကဏ္ဍ**

မသန်မစွမ်းသူပြည်သူတို့၏ လူနေမှုဘဝကို စောင့်ရှောက်မြှင့်တင်သွားမည်။

- **နိုင်ငံခြားရေးကဏ္ဍ**

၁။ နိုင်ငံတကာဆက်ဆံရေးတွင် ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းကာကွယ်ရန်နှင့် ဘက်မလိုက်နိုင်ငံခြားရေးဝါဒကို ကျင့်သုံးပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူ (၅)ချက်ကို ကျင့်သုံးမည်။
(က) တစ်ဦး၏နယ်မြေ တည်တံ့ရေးနှင့် အချုပ်အခြာ အာဏာပိုင်ရေးကို တစ်ဦးက ရိုသေလေးစားရမည်။
(ခ) တစ်ဦးကိုတစ်ဦး မကျူးကျော်စေရ။
(ဂ) တူညီစွာနှင့် နှစ်ဦးနှစ်ဝ အကျိုးရှိစွာ ဆက်ဆံသွားမည်။
(ဃ) တစ်ဦး၏ ပြည်တွင်းရေးကိစ္စတွင် တစ်ဦးက ဝင်ရောက်စွက်ဖက်ခြင်း မပြုရ။
(င) ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲတည်ရှိစေရမည်။

- **မဟာမိတ်ကဏ္ဍ**

ဤပါတီ၏ အခြေခံမူဝါဒနှင့် ကိုက်ညီသော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။

ဖော်ပြပါ မူဝါဒနှင့် ပြောင်းလဲနေသော ကမ္ဘာ့နိုင်ငံရေး၊ မြန်မာ့နိုင်ငံရေးများအပေါ်မူတည်ပြီး မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီသည် အခြားဘဝတူ တိုင်းရင်းသားများနှင့် လက်တွဲပြီး ဒီမိုကရေစီကျင့်စဉ်ကို ကျင့်သုံးပြီး လောကပါလတရား (၃)ပါးနှင့် ပြည့်ဝသည့် နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက် ဆက်လက်ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ ထိုသို့ ပေါ်ထွန်းလာမည့် နိုင်ငံတော်တွင် အပြန်အလှန်တန်ဖိုးထားမှု၊ ယုံကြည်မှုများအပေါ် အခြေခံသည့် ငြိမ်းချမ်းရေးကို တည်ဆောက်သွားရာတွင်လည်း တိုင်းရင်းသားများအားလုံးနည်းတူ မွန်တိုင်းရင်းသားများလည်း တစ်တပ်တစ်အား ပါဝင်သွားမည်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ရှင့်။

မိဘပြည်သူအပေါင်းတို့ရှင် -

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီကိုယ်စား တိုက်တွန်းလိုသည်မှာ-

"အကြောက်တရား ကင်းဝေးပြီး ချစ်ကြည်ရင်းနှီးစွာ ငြိမ်းငြိမ်းချမ်းချမ်း အတူတကွ အသက်ရှင်နေထိုင်သွားကြမည့် လူ့အဖွဲ့အစည်းကြီး ဖြစ်ပေါ်လာစေရန် ကြိုးပမ်းကြပါစို့လို့ နှိုးဆော်ရင်း နိဂုံးချုပ်ပါရစေရှင့်"

မိဘပြည်သူအပေါင်း သုခချမ်းသာ နှစ်ဖြာသော အကျိုးတရားတွေနဲ့ ပြည့်စုံနိုင်ကြပါစေ။

မပြောမပြီး မတီးမမြည်

ရှောင်ရှားရမည့် အထူးထုတ်များ

တက္ကသိုလ်ဝင်တန်းစာမေးပွဲနီးချိန်ဖြစ်၍ အထူးထုတ်များ၊ Exam Special များ တစ်ပုံတစ်ပင်ဈေးကွက်တင် ရောင်းချလာသည်ကို တွေ့ရသည်။ ယင်းအထူးထုတ်များသည် အပိုထပ်ဆောင်းလေ့ကျင့်ချင်သူများအတွက် အထောက်အပံ့ဖြစ်သည်။ မြန်မာနိုင်ငံစာစစ်အဖွဲ့၏ အမှတ်ပေးစည်းမျဉ်းနှင့်အညီဖြစ်သည်ဟုဆိုကာ မျက်နှာဖုံးတင်၍ ထုတ်ဝေနေသည်ကို တွေ့ရ၏။ စင်စစ် ယင်းတို့သည် သက်ဆိုင်ရာပညာရပ်ဌာနမှ ထုတ်ဝေခြင်း မဟုတ်ပါ။ ပြင်ပမှ ထုတ်ဝေခြင်းသာဖြစ်သည်။

ဤနေရာတွင် ကြုံကြိုက်၍ အမှတ်ပေးစည်းမျဉ်းဆိုသည်ကို အနည်းငယ်ပြောလိုသည်။ အမှတ်ပေးစည်းမျဉ်းကို သက်ဆိုင်ရာဘာသာရပ်စစ်မေးပြီး (တရားဝင်ဖြေဆိုပြီး) မှသာ အတည်ပြုရေးဆွဲရသည်။ ရံဖန်ရံခါတွင်မူ Sample စစ်ဆေးပြီး ကလေးအများစု၏ အဖြေပေါ်တွင်ကြည့်၍ လိုတိုးပိုလျှော့လုပ်သင့်လျှင်လည်း ညှိနှိုင်းရ၏။ ထို့ကြောင့် မြန်မာနိုင်ငံစာစစ်အဖွဲ့၏ အမှတ်ပေးစည်းမျဉ်းဆိုသည်မှာ စစ်မေးခဲ့ပြီးသော စာမေးပွဲမေးခွန်းများအတွက်သာ တရားဝင်လေ့လာသိရှိနိုင်ပါသည်။ မိမိတို့ကိုယ်တိုင် မေးခွန်းပြုစု၍ စီးပွားဖြစ်ထုတ်သော မေးခွန်းလွှာများအတွက် မြန်မာနိုင်ငံစာစစ်အဖွဲ့မှ အမှတ်ပေးစည်းမျဉ်းနှင့်အညီ တည်းဖြတ်ပေးထားမှုမရှိသကဲ့သို့ ပုံသေရေးဆွဲထားနိုင်သော အမှတ်ပေးစည်းမျဉ်းဆိုသည်မှာလည်း မရှိနိုင်ပါ။

တစ်နေ့ တပည့်တစ်ဦးက အထူးမေးခွန်းနှင့်အဖြေစုံစာအုပ်မှ Essay တစ်ပုဒ်လာပြသည်။ **(ယာပုံ)** သူ့စိတ်တွင် အရေးကြီးသည်ဟု ယူဆဟန်ရှိပါသည်။ ဖတ်၍ ရှင်းပြပေးပါရန် ပြလာသည်။ ၎င်းတပည့်ယူလာသော Essay ခေါင်းစဉ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

Why It Is Important To Keep Our Surroundings Clean

ယင်း Essay ကို ဖတ်ကြည့်ပြီးသောအခါတွင် အလွန်ပင် စိတ်မကောင်းဖြစ်မိသည်။ အထက်တွင် ဖော်ပြထားသကဲ့သို့ အမှားအယွင်းပေါင်းများစွာဖြင့် ကလေးများအတွက် ထုတ်ဝေသော အထူးစာစဉ်/စာအုပ်သည် အကျိုးမရှိသည့်အပြင် ကလေးများအတွက် အကျိုးယုတ်စေနိုင်သည်ကိုပါ အထင်အရှား တွေ့ရသည်။ ထိုသို့သောအထူးထုတ်များကို သတိပြုရှောင်ရှားကြရန်နှင့် ဖြစ်နိုင်လျှင် သက်ဆိုင်ရာဘာသာရပ်အလိုက် ဌာနမှထုတ်သော စာအုပ်များကိုသာ အထူးပြုလေ့လာသင့်ပါသည်ဟု အကြံပြုလိုသည်။

ခင်မောင်ဌေး (ပညာရေး)

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

✳ပထမအကြိမ်မှ

တိုကင်အသုံးမပြုဘဲ ကောင်တာမှကွန်ပျူတာဖြင့် တိုက်ရိုက်ငွေထုတ်ပေးသည့်စနစ် (Over the Counter System)၏ Software ကိုပင် အသုံးပြု၍ ခရိုင်အဆင့်ရှိ ဘဏ်ခွဲ(၅၃)ခုနှင့် မြို့နယ်ဘဏ်ခွဲ (၅)ခုတို့တွင် ကွန်ပျူတာ(၂)လုံးကို Network Cable ချိတ်ဆက်၍ နေ့စဉ်စာရင်းများ၊ လစဉ်စာရင်းများ၊ ငွေစုဘဏ်အတိုးတွက်ချက်ခြင်းစသည့် စာရင်းပိုင်းဆိုင်ရာလုပ်ငန်းများကို ကွန်ပျူတာအသုံးပြု၍ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်မြို့ရှိ ဘဏ်ခွဲ(၁)၊ ဘဏ်ခွဲ(၂)၊ ဘဏ်ခွဲ(၅)၊ ငွေစုဘဏ်ခွဲ(၃)၊ နေပြည်တော်ဘဏ်၊ မန္တလေးမြို့ရှိ ဘဏ်ခွဲ(၁)၊ ဘဏ်ခွဲ(၂)တို့တွင် ADSL လိုင်းနှင့် IP Star များချိတ်ဆက်၍ Smart Card ကို အသုံးပြုကာ တစ်ဘဏ်တွင်စာရင်းဖွင့်ထားပါက ကျန်သောဘဏ်(၆) ခုမှ ငွေသွင်းငွေထုတ်ပြုလုပ်နိုင်သည့် Online Account စနစ်ကို ၂-၄-၂၀၁၀ မှစ၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တိုကင်အသုံးမပြုဘဲ ကောင်တာမှကွန်ပျူတာဖြင့် တိုက်ရိုက်ငွေထုတ်ပေးသည့်စနစ် အသုံးပြုရန် ရုံးချိန်အတွင်း လျှပ်စစ်မီးအချိန်ပြည့်ရရှိရန်လိုအပ်ခြင်း၊ ကျန်ခရိုင်အဆင့်(၅၈)ဘဏ်အား တစ်ပြိုင်တည်း တပ်ဆင်ရန် ကုန်ကျစရိတ်များပြားခြင်း စသည့် အခက်အခဲများကြောင့် ရန်ပုံငွေရရှိမှုပေါ်မူတည်၍ ဘဏ်ခွဲ၏လုပ်ငန်းအနေအထားအရ ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေက **"ကျေးရွာ၊ ရပ်ကွက်များအတွင်းတွင် လိုင်စင်မဲ့အပေါင်ဆိုင်၊ ငွေတိုးချေးငှားသူများအား မည်သည့်ဥပဒေပုဒ်မဖြင့် အရေးယူသင့်ကြောင်း"** နှင့်စပ်လျဉ်း၍ ပေါင်နှံခြင်း၊ အပေါင်ခံခြင်းနှင့် ငွေချေးငှားခြင်းတို့တွင် ပြည်သူများအကြား၌ အခါအားလျော်စွာရှိနေကြရာ တစ်ဖက်နှင့်တစ်ဖက် ငွေကြေးနှင့်စပ်လျဉ်း၍ အငြင်းအခုံဖြစ်ကြသည့်အခါတွင် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်း၊ အမှုဖွင့်တိုင်တန်းခြင်းများရှိလာကြပါကြောင်း၊ တရားလိုဘက်က လိမ်လည်ရယူခြင်း၊ ယုံကြည်အပ်နှံမှုဖောက်ဖျက်ခြင်းများဖြင့် အကျုံးဝင်အောင် ဖော်ပြစွပ်စွဲသည့်နည်းတူ စွပ်စွဲခံရသူများဘက်ကလည်း အတိုးဖြင့်ငွေချေးယူခြင်းဖြစ်ကြောင်း ခုခံလေ့ရှိကြရာ အပေါင်ခံခြင်း၊ ငွေတိုးချေးယူခြင်းတို့အား ဥပဒေအရ ခွင့်ပြုထားခြင်း ရှိ၊ မရှိ ကို အကြောင်းပြု၍ မေးမြန်းလာခြင်းဖြစ်ပါကြောင်း။

ဆင်းရဲနွမ်းပါးသူများအနေဖြင့် မိမိတို့၏ ပစ္စည်းပစ္စယများကိုပေါင်နှံ၍ ငွေချေးယူနိုင်ရေးအတွက် အပေါင်ဆိုင်လုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန် နိုင်ငံတော်တွင် ပြဋ္ဌာန်းဥပဒေများရှိပြီးဖြစ်ပါကြောင်း၊ အပေါင်ဆိုင်လုပ်ငန်းဆောင်ရွက်လိုသူသည် ဥပဒေနှင့်အညီ လိုင်စင် သို့မဟုတ် ခွင့်ပြုချက်ရယူပြီးမှသာ အပေါင်ဆိုင်လုပ်ငန်းကို စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်တွင် အပေါင်ဆိုင်ကို လိုင်စင်မရှိဘဲ ဖွင့်လှစ်ပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၂၈ အရလည်းကောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်တွင် အပေါင်ဆိုင်ကို ခွင့်ပြုချက်မရှိဘဲဖွင့်လှစ်ပါက မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၂၆ အရလည်းကောင်း၊ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်တွင် အပေါင်ဆိုင်ကို ခွင့်ပြုချက်မရှိဘဲဖွင့်လှစ်ပါက နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၂၆ အရလည်းကောင်း အသီးသီး အရေးယူနိုင်မည်ဖြစ်ပါကြောင်း။

နေပြည်တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်များမှအပ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်အသီးသီး၏ နယ်နိမိတ်တွင် အပေါင်ဆိုင်ကို ခွင့်ပြုချက်မရှိဘဲ တည်ထောင်ဖွင့်လှစ်ပါက စည်ပင်သာယာရေးအဖွဲ့များဥပဒေပုဒ်မ ၇၃ အရ အရေးယူနိုင်မည်ဖြစ်ပါကြောင်း။

လိုင်စင်မဲ့ငွေတိုးချေးစားသူများကို အရေးယူခြင်းနှင့်ပတ်သက်ပြီး The Money Lenders Act, 1945 ပုဒ်မ ၅ နှင့် ပုဒ်မ ၆ တို့တွင် ငွေချေးသည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ ခွင့်ပြုချက်ယူရန်နှင့် မှတ်ပုံတင်ပြုလုပ်ရန် ပြဋ္ဌာန်းထားရာ ခွင့်ပြုချက်၊ မှတ်ပုံတင်မရှိဘဲ ငွေတိုးချေးစားသူအား ယင်းအက်ဥပဒေပုဒ်မ ၁၇ အရ တရားစွဲအရေးယူနိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေပုဒ်မ ၂(က)အရ အသေးစားချေးငွေထုတ်ပေးခြင်းလုပ်ငန်းသည် အသေးစားငွေရေးကြေးရေးလုပ်ငန်းဆိုသည့် စကားရပ်၏ အဓိပ္ပာယ်ဖော်ပြချက်တွင်ပါဝင်ပါကြောင်း၊ ယင်းဥပဒေပုဒ်မ ၅၄ အရ လုပ်ကိုင်ခွင့်လိုင်စင်မရှိဘဲ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း၏ လုပ်ငန်းလုပ်ကိုင်ခွင့်မရှိကြောင်း တားမြစ်ထားပြီး ယင်းတားမြစ်ချက်ကို လိုက်နာရန် ပျက်ကွက်ပါက ပုဒ်မ ၅၇ အရ အရေးယူနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် အထက်ပါအတိုင်း လိုင်စင် သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်သည့် အပေါင်ဆိုင်လုပ်ငန်းများကို နေပြည်တော်စည်ပင်သာယာရေးဥပဒေအရဖြစ်စေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေအရဖြစ်စေ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေအရဖြစ်စေ၊ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေအရဖြစ်စေ အရေးယူနိုင်မည်ဖြစ်ပါကြောင်း၊ လိုင်စင်မဲ့ ငွေတိုးချေးခြင်းလုပ်ငန်းလုပ်ကိုင်သူများကို The Money Lenders Act, 1945 အရလည်းကောင်း၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေအရလည်းကောင်း အရေးယူနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုန်းခင်ပေါင်က **"တစ်လုံးတစ်ခဲတည်းပင်စင်ခံစားခဲ့သူများအား လစာနှုန်းထားအသစ်အတိုင်း ခံစားခွင့်ပြုရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်း၍ ပထမဦးစွာ တစ်လုံးတည်းပင်စင်လဲလှယ်ပေးသည့် ရည်ရွယ်ချက်၊ ပြဋ္ဌာန်းချက်၊ လဲလှယ်ထုတ်ပေးပုံနည်းလမ်းများကို အားလုံးသိရှိနိုင်ရန် ရှင်းလင်းပြောကြားသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ ငွေလုံးငွေရင်းအဖြစ် ပင်စင်ဆုငွေ (Pension Gratuity)ကို တစ်ကြိမ်တည်းအပြီးအပြတ်ထုတ်ပေးပြီး နေ့စဉ်၊ လစဉ် စားသောက်နေထိုင်မှုအတွက် ပင်စင်လစာကို လစဉ်ထုတ်ပေးခဲ့ပါကြောင်း။

သို့ရာတွင် ပင်စင်စားတစ်ဦးသည် တစ်လုံးတစ်ခဲတည်း ငွေလိုချင်သည့်ကိစ္စပေါ်လာသောအခါတွင် ပင်စင်စားအခက်အခဲကို နိုင်ငံတော်မှ ဖြေရှင်းပေးသည့်အနေဖြင့် လစဉ်ထုတ်ယူရမည့် ပင်စင်လစာထဲမှ အစိတ်အပိုင်းတစ်ခုကို လစဉ်ထုတ်ယူခြင်းအစား တစ်လုံးတစ်ခဲတည်း ပင်စင်အဖြစ် ပြောင်းလဲထုတ်ပေးလိုက်ခြင်းဖြစ်ပါကြောင်း၊ ပင်စင်စားအတွက် ရေရှည်စားသောက် နေထိုင်ရေးလည်း မထိခိုက်အောင် ပင်စင်လစာ၏ အစိတ်အပိုင်းကိုသာ လဲလှယ်ခွင့်ပြုပေးခြင်းဖြစ်ပါကြောင်း။

တစ်လုံးတည်းပင်စင်လဲလှယ်ခွင့်အား ၁၈၇၁ ခုနှစ် ပင်စင်အက်ဥပဒေအခန်း(၂)၊ ပုဒ်မ ၁၀ နှင့် မြန်မာပြည်ထပ်ဆင့်ထုတ် မြို့ပြဝန်ထမ်းစည်းမျဉ်း (Burma Supplement to the Civil Service Regulations)နောက်ဆက်တွဲ (ဃ)ပါ ပြဋ္ဌာန်းချက်များအရ ၁-၉-၁၉၃၇ ခုမှစ၍ ကျင့်သုံးဆောင်ရွက်ခဲ့ပါကြောင်း၊ တစ်လုံးတည်း ပင်စင်လဲလှယ်ခြင်းကို မိသားစုပင်စင်မှအပ အခြားပင်စင်အမျိုးအစားအားလုံး ပင်စင်စားအသက်(၈၀)အထိလဲလှယ်ပေးပါကြောင်း၊ အထူးနှစ်ပြည့်ပင်စင် ခံစားသူ၊ နာမကျန်းပင်စင်ကို ဆေးအဆင့်(ခ)ဖြင့် ခံစားသူများအတွက် ပင်စင်သက်တမ်း(၁၀)နှစ်ပြည့်ပြီးမှ လဲလှယ်ခွင့်ရှိပါကြောင်း။

တစ်လုံးတည်းပင်စင်လဲလှယ်ရေးနည်းဥပဒေ၊ ၈(၃)အရ တစ်လုံးတည်းလဲလှယ်ခဲ့သည့် ပင်စင်လစာ အစိတ်အပိုင်းသည် လဲလှယ်ခွင့်ပြုသည့်နေ့မှစ၍ ရပ်ဆိုင်းကြောင်း ပြဋ္ဌာန်းထားပြီး လစဉ်ထုတ်ယူရမည့် လစာကို တစ်လုံးတည်းပင်စင်နှင့် အပြီးအပြတ်လဲယူခံစားလိုက်ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုးမြှင့်ပင်စင်ခံစားခွင့်ပြုသည့်အခါ တစ်လုံးတည်းပင်စင်လဲလှယ်ပြီးငွေ အစိတ်အပိုင်းသည် အပြီးအပြတ်ရပ်ဆိုင်းသွားပြီဖြစ်သည့်အတွက် လက်ကျန်ပင်စင်အပေါ်တွင်သာ ဥပဒေအရ ခံစားခွင့်ရရှိခြင်း ဖြစ်ပါကြောင်း။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း မေးမြန်းချက်များကို ပြန်လည် ဖြေကြားစဉ်။
(သတင်းစဉ်)

ဥပမာအနေနှင့်ပြောရလျှင် မူရင်းပင်စင်လစာ၏တစ်ဝက် (၅၀)ရာခိုင်နှုန်း လဲလှယ်ထားသူသည် ကျန်ရှိသည့် (၅၀)ရာခိုင်နှုန်းနှင့်ညီမျှသော မူရင်းပင်စင်လစာအပေါ်တွင် တိုးမြှင့်ပင်စင်လစာငွေကိုသာ ခံစားခွင့်ရှိပါကြောင်း၊ ထို့ကြောင့် တစ်လုံးတည်းပင်စင်ခံစားခဲ့ပြီးသူများအား လစာနှုန်းအပြည့်ဖြင့် တိုးမြှင့်ပင်စင်ခံစားခွင့်ပြုရန်မှာ အထက်တွင် ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း တစ်လုံးတည်းပင်စင်လဲလှယ်ရေးနည်းဥပဒေ ၈(၃)အရ တည်ဆဲဥပဒေနှင့်မညီညွတ်သည့်အတွက် ဆောင်ရွက်ရန် မဖြစ်နိုင်ပါကြောင်းဖြင့် ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးခမ်ဆွင်းမုန်က **"ကျီခါးမြို့နယ်ခွဲ၊ ရိခေါဒါရ်မြို့နယ်ခွဲနှင့် ရေဇွာမြို့နယ်ခွဲတို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ရိခေါဒါရ်နှင့် ၎င်းမြို့နယ်များတွင် အစိုးရငွေတိုက်ခွဲများ ဖွင့်လှစ်ထားလျက်ရှိပြီး ပင်စင်စားဦးရေမှာ အလွန်နည်းပါးလျက်ရှိပါကြောင်း၊ လက်ရှိအခြေအနေတွင် အစိုးရငွေတိုက်ခွဲများမှ လက်ကျန်ငွေ အခြေအနေပေါ်မူတည်ပြီး နီးစပ်ရာမြို့နယ်ဘဏ်ခွဲတို့မှ ဘဏ္ဍာငွေများကို သယ်ယူဖြည့်တင်းပေးလျက် ရှိခြင်းကြောင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ လစာငွေကိုထုတ်ယူရာတွင် အဆင်ပြေလျက်ရှိပါကြောင်း။

ပင်စင်စားများအနေဖြင့် ၎င်းတို့၏ပင်စင်လစာငွေထုတ်ယူရန် အခက်အခဲရှိခြင်းနှင့်ပတ်သက်၍ ပင်စင်စားဦးရေအနေဖြင့် ကျီခါးတွင်(၆၀)ဦးခန့်၊ ရိခေါဒါရ်တွင်(၂၀)ဦးခန့်နှင့် ရေဇွာတွင် (၁၀၀)ဦးခန့်သာ ရှိသည့်အတွက် များပြားခြင်းမရှိသေးသည်ကို သိရှိရပါကြောင်း၊ ကျီခါး၊ ရိခေါဒါရ်နှင့်ရေဇွာတို့သည် မြို့နယ်ခွဲများသာဖြစ်သည့်အတွက် အစိုးရငွေတိုက်ခွဲများကို ဖွင့်လှစ်ထားခြင်းဖြစ်ပါကြောင်း၊ ၎င်းမြို့နယ်ခွဲများအနေဖြင့် ဖွံ့ဖြိုးတိုးတက်လာပြီး မြို့နယ်အဆင့်တစ်ခုတွင်ရှိရမည့် အင်္ဂါရပ်များ၊ သတ်မှတ်ချက်များ ပြည့်စုံလာပါက ၎င်းမြို့နယ်ခွဲများတွင် မြန်မာ့စီးပွားရေးဘဏ်ခွဲများ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်(၂)ဦးတို့က ယဉ်ကျေးမှုကဏ္ဍဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ပြန်လည်ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံက **"ရှေးခေတ်မွန်လူမျိုးတို့၏ လက်ရာတစ်ခုဖြစ်သော ဓမ္မစေတီခေါင်းလောင်းဆယ်ယူရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ဟံသာဝတီပြည့်ရှင် ဓမ္မစေတီမင်း (၁၄၇၁-၁၄၉၂) ဆောက်လုပ်လှူဒါန်းခဲ့သော ကောင်းမှုများအနက် ဓမ္မစေတီခေါင်းလောင်းကြီးသည် ကမ္ဘာ့အကြီးဆုံး ခေါင်းလောင်းဖြစ်သည်သာမက ရှေးအကျဆုံးခေါင်းလောင်းလည်း ဖြစ်ပါကြောင်း၊ ဓမ္မစေတီခေါင်းလောင်းသည် ရွှေတိဂုံစေတီသို့ လှူဒါန်းသည့်ခေါင်းလောင်းကြီးများအနက် ပထမဦးဆုံးခေါင်းလောင်းဖြစ်ပါကြောင်း၊ စောက် ၁၂ တောင်ရှိပြီး ကြေးချိန် (၁၈၀၀၀၀)ပိဿာ၊ တန်နှင့်ဖော်ပြရလျှင် တန်(၂၉၀)ရှိပါကြောင်း။

သံလျင်စား ပေါ်တူဂီလူမျိုး ဇဗင်ကာ(ခေါ်)ဖီးလစ်ဒီဘရစ်တိုသည် ခရစ်သက္ကရာဇ် ၁၆၀၈ ခုနှစ်တွင် ရွှေတိဂုံစေတီပေါ်ရှိ ဓမ္မစေတီခေါင်းလောင်းကို အမြောက်သွန်းလုပ်ရန် ဖောင်ဖြင့် သံလျင်သို့သယ်ဆောင်ခဲ့ပါကြောင်း၊ ပုဇွန်တောင်ချောင်းဝအရောက် ဒေါပုံမြစ်အကူးတွင်ဖောင်နစ်ပြီး ခေါင်းလောင်းကြီး ရေထဲနစ်မြုပ်ပျောက်ကွယ်သွားခဲ့ပါကြောင်း၊ ဓမ္မစေတီခေါင်းလောင်းကို ၁၉၈၇ ခုနှစ်မှစတင်၍ ဗုဒ္ဓဘာသာဝင်များ၊ သမိုင်းသုတေသီများက ရိုးရာနည်းစနစ်များဖြင့် အကြိမ်ကြိမ်ရှာဖွေခဲ့ပါကြောင်း။

ယဉ်ကျေးမှုဝန်ကြီးဌာနမှဦးစီး၍ ရှာဖွေခွင့်လျှောက်ထားသူ ဦးကြိုင်၊ ဦးတင်ရွှေ၊ ဦးစိုးလွင်တို့ပါဝင်သော ဓမ္မစေတီခေါင်းလောင်းရှာဖွေရေးအဖွဲ့က ၁၉၈၇ ခုနှစ်တွင်လည်းကောင်း၊ ၁၉၈၉ ခုနှစ် ဇူလိုင်လ တွင်လည်းကောင်း ဓမ္မစေတီခေါင်းလောင်းရှာဖွေရန် ဒေါပုံမြစ်ဝ မြစ်သုံးဆိုင်ရေပြင်ကျယ်၌ ကွင်းဆင်းဆယ်ယူမှုလုပ်ငန်းဆောင်ရွက်ခဲ့ပါကြောင်း၊ ခေတ်မီကိရိယာပစ္စည်းများ မပြည့်စုံ၍လည်းကောင်း၊ မိုးသည်းထန်မှု၊ မြစ်ရေ ဒီရေအဟုန်အတားများကြောင့်လည်းကောင်း ဩဂုတ်လတွင် ဆယ်ယူမှုလုပ်ငန်း ခေတ္တရပ်ဆိုင်းခဲ့ပါကြောင်း၊ ၁၉၉၅ ခုနှစ် ဒီဇင်ဘာလမှ ၁၉၉၇ ခုနှစ် ဖွန်လအတွင်း အမေရိကန်လူမျိုး ရေနက်ရေငုပ်သမား ဂျင်ဘလန့် (Jim Blunt)က ဓမ္မစေတီခေါင်းလောင်းရှာဖွေရေးကို ဆောင်ရွက်ခဲ့ပါကြောင်း။

၁၉၉၆ ခုနှစ် ဧပြီလတွင် နိုင်ငံခြားအဖွဲ့အစည်းတစ်ခုက ကမ်းလှမ်းချက်ကို လက်ခံပြီး ခေါင်းလောင်းကြီးကို ရှာဖွေခွင့်ပြုခဲ့ရာ ခေါင်းလောင်းတည်နေရာကို ခိုင်ခိုင်မာမာ ပြန်လည်တင်ပြခဲ့ပါကြောင်း၊ သို့သော် ခေါင်းလောင်းကြီးအပေါ်သို့ တင်ယူရေးအတွက် အခက်အခဲများရှိကြောင်းကို တင်ပြခဲ့ပါကြောင်း၊ မြန်မာတိုင်းရင်းသားပညာရှင်တစ်ယောက်ဖြစ်သော ဦးစံလင်း (ကော့သောင်းမြို့)က မြန်မာနည်းမြန်မာ့ဟန် မြန်မာ့အဆင့်မြင့်နည်းပညာဖြင့် ၁၀-၈-၁၉၉၇ မှ ၁၁-၉-၁၉၉၇ ထိ ရှာဖွေဆယ်ယူရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ပါကြောင်း။

၁၅ ရာစုက သွန်းလောင်းခဲ့သည့် မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဖြစ်သည့် ဓမ္မစေတီခေါင်းလောင်းကြီးကို ဆယ်ယူရရှိပါက ယဉ်ကျေးမှုတန်ဖိုးသာမက မြန်မာများ၏ ပန်းတည်းပညာအဆင့်အတန်းသည် အမျိုးဂုဏ်၊ ဇာတိဂုဏ် ပိုမိုမြင့်မား၍ ဂုဏ်ယူနိုင်စေပြီး ခေါင်းလောင်းပေါ်၌ မှတ်တမ်းများပါ ရေးထိုးထားလေ့ရှိသဖြင့် တိကျခိုင်မာသော အထောက်အထားများရရှိနိုင်၍ မြန်မာ့သမိုင်းအတွက် တန်ဖိုးမဖြတ်နိုင်သော အထောက်အထားတစ်ရပ်အဖြစ် ရှိလာနိုင်မည်ဖြစ်ပါကြောင်း။

ဓမ္မစေတီခေါင်းလောင်း ဆယ်ယူရန်အတွက် ကုမ္ပဏီများမှကမ်းလှမ်းခဲ့ပါကြောင်း၊ Catalina Deep Sea Divers လုပ်ငန်းမှ အမေရိကန်လူမျိုး ရေငုပ်သမားဂျင်ဘလန့်က ၁၉၉၅-၁၉၉၇ တွင်လည်းကောင်း၊ ၂၀၁၀ ခုနှစ်တွင် ဩစတြေးလျနိုင်ငံ Animax Film က ဓမ္မစေတီခေါင်းလောင်းတော်ကြီးရှာဖွေရေးတွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရန်လည်းကောင်း၊ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် စင်ကာပူနိုင်ငံမှ SD Mark International LLP ကုမ္ပဏီကလည်းကောင်း ကမ်းလှမ်းခဲ့ပါကြောင်း၊ ကမ်းလှမ်းခဲ့ခြင်းများအနက် စင်ကာပူကုမ္ပဏီက အမေရိကန်ငွေဒေါ်လာ (၁၀)သန်းခန့် အကုန်ကျခံ၍ သင်္ဘောများငှားရမ်းရှာဖွေရန် ကမ်းလှမ်းထားပါကြောင်း။

နည်းပညာ၊ အတတ်ပညာ၊ ပညာရှင်အား၊ ငွေအင်အား၊ လိုအပ်သောပစ္စည်းကိရိယာများပြည့်စုံမှသာ ဆောင်ရွက်နိုင်မည်ဖြစ်ရာ အဆိုပါကုမ္ပဏီများနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားရန် ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦးက **"ပြည်သူများ လေ့လာမှတ်သားစရာ ဗဟုသုတရရှိနိုင်မည့် ပြတိုက်အမျိုးမျိုးဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပြတိုက်ဆိုသည်မှာ ငွေကြေးအကျိုးအမြတ်ရရှိရေးကို အဓိကမထားဘဲ အများပြည်သူအကျိုးငှာ ပညာပေးနိုင်သော၊ ယဉ်ကျေးမှုအရ၊ သမိုင်းကြောင်းအရ၊ အနုပညာလက်ရာမြောက်မှုအရ တန်ဖိုးရှိသော ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာ အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက် လေ့လာသုတေသနပြု၍ အများပြည်သူများအား စိတ်ချမ်းမြေ့စွာ လေ့လာသင်ယူနိုင်စေရန်နှင့် ပညာပေးရန်အတွက် ခင်းကျင်းပြသခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်ရည်ရွယ်၍ ဖွင့်လှစ်ထားသော အဆောက်အအုံဟု အပြည်ပြည်ဆိုင်ရာ ပြတိုက်များကောင်စီက အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ထားပါကြောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ထိုကဲ့သို့သဘောရှိသော ပြတိုက်များကိုဖွင့်လှစ်ပြသရာ၌ နိုင်ငံတော်က ချမှတ်ထားသည့် လူမှုရေးရည်မှန်းချက်များ အောင်မြင်ရေးအတွက် ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းစဉ်များနှင့်အညီ ပြတိုက်များကိုတည်ထောင်၍ အများပြည်သူအား ဖွင့်လှစ်ပြသခြင်း၊ ပြတိုက်ပညာပေးရေး အစီအစဉ်များရေးဆွဲပြီး ကျောင်းသားလူငယ်များအား ပညာပေးခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်ပြတိုက် ပစ္စည်းများအား စုဆောင်းခြင်း၊ ရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသည် မြန်မာတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းပြသရန်အတွက် ယဉ်ကျေးမှုဝန်ကြီးဌာနကို စတင်တည်ထောင်သည့် ၁၉၅၂ ခုနှစ်မှစ၍ ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်အပါအဝင် ပြည်နယ်အားလုံးနှင့် တိုင်းဒေသကြီး(၂)ခုတို့တွင် ယဉ်ကျေးမှုပြတိုက်(၁၁)ခု ဖွင့်လှစ်ခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် (ရန်ကုန်)၊ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် (နတ်မောက်)စသည့် အထိမ်းအမှတ်ပြတိုက်များ ဖွင့်လှစ်ခြင်း၊ ညောင်ရွှေဗုဒ္ဓပြတိုက်၊ စစ်ကိုင်းဗုဒ္ဓပြတိုက်၊ စစ်တွေဗုဒ္ဓပြတိုက်ကဲ့သို့သော ဗုဒ္ဓပြတိုက်များ၊ ကျောက်တော်မဟာမုနိပြတိုက်နှင့် ဘုတလင်ပြတိုက်ကဲ့သို့သော ဒေသဆိုင်ရာပြတိုက်များ၊ စလေရုပ်စုံကျောင်းကဲ့သို့ ဘုန်းတော်ကြီးကျောင်းပြတိုက်များ၊ မန္တလေးရှိ မြနန်းစံကျော်ရွှေနန်းတော် ယဉ်ကျေးမှုပြတိုက်ကဲ့သို့ ရတနာပုံခေတ် နန်းတွင်းအသုံးအဆောင်များကို ပြသသည့်ပြတိုက်၊ ပုဂံရှေးဟောင်းသုတေသနပြတိုက်၊ သရေခေတ္တရာရှေးဟောင်းသုတေသနပြတိုက်၊ မြောက်ဦးရှေးဟောင်းသုတေသနပြတိုက်စသည်တို့ အပါအဝင် ရှေးဟောင်းသုတေသနပြတိုက် (၈)ခု၊ ပြတိုက်အမျိုးအစား(၇)မျိုး၊ စုစုပေါင်းပြတိုက်(၂၈)ခုနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်အတွက် မြနန်းစံကျော်ရွှေနန်းတော်၊ ကမ္ဘောဇသာဒီရွှေနန်းတော်၊ ရွှေဘုံရတနာမင်္ဂလာနန်းတော်၊ သီရိဇေယျဘူမိပုဂံနန်းတော်တို့ကို ရှေးမူမပျက် ပြန်လည်တည်ဆောက်ဖွင့်လှစ်၍ ပြည်သူလူထုကို အသိပညာပေးခဲ့ပါကြောင်း၊ ဒေသအသီးသီးရှိ မြန်မာတိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ လက်မှုအနုပညာ၊ အနုသုခုမပညာတူရိယာများ၊ ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ ပရိဘောဂအသုံးအဆောင်များ၊ သက်မွေးဝမ်းကျောင်း နေထိုင်စားသောက်မှုပုံစံများ၊ ဓလေ့ထုံးစံများစသည့် ကဏ္ဍအသီးသီးကိုလည်း ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ယဉ်ကျေးမှုပြတိုက်များတွင် စုံလင်စွာပြသထားပါကြောင်း။

အမျိုးသားပြတိုက်(ရန်ကုန်)တွင် ပရိုင်းမိတ်များ၊ ကျောက်လက်နက်ကိရိယာများ၊ ကျောက်ခေတ်ယဉ်ကျေးမှုများကို ပြသထားသည့်ပြခန်းများ၊ ပျူခေတ်မှရတနာပုံခေတ်ပြခန်းများ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် တက်ကြွစေရန် မြန်မာတို့၏ နောက်ဆုံးမင်းနေပြည်တော်စိုက်ခဲ့ရာ ရတနာပုံခေတ် မန္တလေး၏ သီဟာသနပလ္လင်ပြခန်း၊ နန်းမှူးနန်းရာအဆင်တန်ဆာများကို ပြသထားသည့် ပြခန်းများ၊ ကြွယ်ဝလှသည့် မြန်မာတို့၏ လက်မှုအနုပညာများကို အများပြည်သူမှတ်သားဗဟုသုတရရှိနိုင်စေရန်အတွက် ရှေးဟောင်း အဆင်တန်ဆာရတနာပြခန်း၊ ရိုးရာပန်း(၁၀)မျိုးပြခန်း၊ ဝါဂီနစ်ပြခန်းနှင့် ပန်းချီ ကားများပြခန်းတို့ဖြင့် ပြသထားပါကြောင်း။

မြန်မာအက္ခရာများ အဆင့်ဆင့်ပြောင်းလဲလာပုံ၊ (၂၀)ရာစုမှ ထင်ရှားကျော်ကြားသည့် ကွယ်လွန်သူစာရေးဆရာကြီးများ၏ လက်ရေးစာများ၊ တိုင်းရင်းသားအသီးသီး စာပေများကိုလေ့လာနိုင်သည့် အက္ခရာနှင့် လက်ရေးမှုပြခန်း၊ ရိုးရာဓလေ့များကို ပြသထားသည့် မြန်မာ့ရိုးရာကျေးလက်အနုပညာပြခန်း၊ ဒေသတွင်းနိုင်ငံများ၏ ယဉ်ကျေးမှုများကို အပြန်အလှန်သိရှိနိုင်စေသည့် ASEAN- CORNER ပြကွက်၊ တိုင်းရင်းသားအသီးသီး၏ ယဉ်ကျေးမှုပြခန်း၊ ထေရဝါဒဗုဒ္ဓသာသနာဆိုင်ရာ ခေတ်အဆက်ဆက် ဗုဒ္ဓဆင်းတုများကို လေ့လာနိုင်သည့် ဗုဒ္ဓဆင်းတုတော်ပြခန်း၊ တိုင်းကျိုးပြည်ပြုပြခန်းစသည်ဖြင့် စုံလင်စွာခင်းကျင်းပြသထားပါကြောင်း၊ ထို့ပြင် ယခုအခါ နေပြည်တော်တွင် အမျိုးသားပြတိုက်သစ်ကြီးကို အမျိုးဂုဏ်၊ ဇာတိဂုဏ်ဖော်ထုတ်ပြသရန်၊ ကြွယ်ဝပြီးအဆင့်အတန်းမြင့်သည့် မိမိတို့လူမျိုး၏ ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ပြသရန်၊ မိမိတို့လူမျိုး၏ စွမ်းဆောင်ချက်များကို ပြသရန်၊ မိမိနိုင်ငံ၊ လူမျိုး၏ ဂုဏ်ဒြပ်နှင့်ညီသော၊ နိုင်ငံတော်အဆင့်နှင့်ညီသော ပြတိုက်အဖြစ်လည်းကောင်း၊ ခေတ်မီဆွဲဆောင်မှုရှိပြီး အဆင့်အတန်းမြင့်မား၍ ထိန်းသိမ်းမှုစနစ်မှန်ကန်သော ပြတိုက်အဖြစ်လည်းကောင်း ရည်မှန်းချက်ထားကာ တည်ဆောက်လျက်ရှိပြီး ပထမအဆင့် အဖြစ် ပြခန်း(၁၃)ခန်းခွဲ၍ ခင်းကျင်းပြသရန် စီစဉ်ထားပါကြောင်း။

နိုင်ငံတော်နှင့်နိုင်ငံသားများ လေ့လာအတုယူ လေးစားဂုဏ်ယူတတ်စေရန် ခေတ်အဆက်ဆက် နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ကြသော နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ ပြခန်းကိုလည်း ခင်းကျင်းပြသသွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ရှမ်းပြည်နယ် လားရှိုးမြို့နှင့်ညောင်ရွှေတို့တွင် ယဉ်ကျေးမှုပြတိုက်များ ထပ်မံခင်းကျင်းဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိပါကြောင်း၊ ဖော်ပြပါ ပြတိုက်များကိုကြည့်လျှင် အမျိုးသားပြတိုက်များ၊ ယဉ်ကျေးမှုပြတိုက်များ၊ ရှေးဟောင်းသုတေသနပြတိုက်များ၊ အထိမ်းအမှတ်ပြတိုက်များ၊ ဒေသဆိုင်ရာပြတိုက်၊ သစ်သားဘုန်းတော်ကြီးကျောင်းပြတိုက်၊ ဗုဒ္ဓပြတိုက်များ စသည်ဖြင့် အမျိုးအစားခွဲခြားတွေ့ရှိနိုင်ပါကြောင်း၊ ယင်းပြတိုက်များတွင် ပြည်သူများလေ့လာမှတ်သားနိုင်စေရန်၊ ဗဟုသုတရရှိနိုင်စေရန်အတွက် ပြခန်းများအား ပညာပေးရေးသဘောဆောင်သော ခင်းကျင်းမှုများအဖြစ် ပြောင်းလဲခြင်း၊ ပညာပေးရေး အစီအစဉ်များရေးဆွဲ **စာမျက်နှာ ၇ ကော်လံ ၁ သို့◆**

◆**စာမျက်နှာ ၆ မှ**

ဆောင်ရွက်ခြင်း၊ အထူးပြပွဲများပြသခြင်း၊ ပြခန်းအတွင်း ရှင်းလင်းချက်စာသားများ၊ အညွှန်းကတ်များ ပြည့်စုံစွာရေးသားပေးထားခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းအပြင် ပြတိုက်များတွင် ကျောင်းသားလူငယ်များ ပိုမိုအဆင်ပြေစွာ လေ့လာနိုင်စေရန်အတွက် ၂၀၁၁ ခုနှစ်မှစ၍ ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ ပြတိုက်များအားလုံးတွင် ကျောင်းသား ကျောင်းသူများအား အခမဲ့လေ့လာခွင့်ပြုထားပြီးဖြစ်ပါကြောင်း။

ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ ပြတိုက်များအပြင် သက်ဆိုင်ရာဘာသာရပ်နယ်ပယ်အလိုက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ဖွင့်လှစ်ထားသည့် တပ်မတော်စစ်သမိုင်းပြတိုက်၊ မူးယစ်ဆေးဝါးပြတိုက်၊ စိုက်ပျိုးရေးပြတိုက်၊ သဘာဝသမိုင်းပြတိုက်၊ ကျောက်မျက်ရတနာပြတိုက် စသည်ဖြင့် ကဏ္ဍစုံလင်စွာဖွင့်လှစ်ပြသထားပြီးဖြစ်သဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် အထူးပြုပြသသော ပြတိုက်များ သီးခြားတည်ထောင်ဖွင့်လှစ်ရန် အစီအစဉ်များ မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်(၄)ဦးတို့က ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ပြန်လည်ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးက **“နိုင်ငံ့ဝန်ထမ်းများအတွက် စရိတ်နည်းမြေကွက်နှင့်အိမ်ရာများကို ရန်ကုန်စီးပွားရေးမြို့တော်တွင် နိုင်ငံတော်အစိုးရမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ”** နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၁၉၆၇ ခုနှစ်က ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် မြင်သာနှင့် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏအိမ်ရာတို့မှာ တန်ဖိုး (၅၀)ရာခိုင်နှုန်း ငွေပေးချေ၍ တက်ရောက်နေထိုင်ခွင့်ပေးပြီး (၁၅)နှစ်ကာလ အရစ်ကျစနစ်ဖြင့် ရောင်းချသည့်စနစ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ငွေပေးချေရာတွင် ဘဏ်အတိုးနှုန်းအတိုင်းသတ်မှတ်ပြီး ငွေကျေသည့်အခါ ပိုင်ဆိုင်မှုထုတ်ပေးခဲ့ပါကြောင်း။

၁၉၉၇ ခုနှစ်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်တွင် ယုဇနဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်းကို နိုင်ငံတော်နှင့်ပုဂ္ဂလိကလုပ်ငန်းရှင်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်၍ (၄)ထပ်အခန်းအတွဲတိုက်များ၊ လုံးချင်းတိုက်များကို အကောင်အထည်ဖော်ဆောက်လုပ်ခဲ့ပါကြောင်း၊ ထိုအချိန်က အနည်းဆုံးတန်ဖိုးကျပ် (၄)သိန်းခန့်နှင့် စတင်ရောင်းချခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် အနည်းဆုံးကျပ်(၂၃)သိန်းနှင့် အများဆုံးကျပ်(၄၇)သိန်း၊ ၂၀၀၉ ခုနှစ်တွင် ခန့်မှန်းဈေးနှုန်း အနည်းဆုံးကျပ် (၄၄)သိန်းမှ အများဆုံး ကျပ်(၇၈)သိန်းဖြင့် ရောင်းချခဲ့ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မြေနေရာသတ်မှတ်ပေး၍ ကုမ္ပဏီများမှ အဆောက်အအုံဆောက်လုပ်စေပြီး မြေနေရာအကွက်အကွင်းအလိုက် အချိုးသတ်မှတ်ခွဲဝေဆောင်ရွက်လျက် ဌာနမှရရှိသော အခန်းများအား ရာထူးအဆင့်အလိုက်သော်လည်းကောင်း၊ လူမှုရေးအခက်အခဲအရသော်လည်းကောင်း လျှောက်ထားလာသည့် လျှောက်လွှာများကို ဘုတ်အဖွဲ့ဖြင့် စိစစ်ရောင်းချပေးခြင်းများ ရှိခဲ့ပါကြောင်း၊ ထို့ပြင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အစီအစဉ်ဖြင့် အဆောက်အအုံများ ဆောက်လုပ်စေပြီး လျှောက်ထားလာသည့် လျှောက်လွှာများကို ဘုတ်အဖွဲ့ဖြင့်ပင် စိစစ်ရောင်းချပေးခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများအတွက်သော်လည်းကောင်း၊ အိမ်ရာလိုအပ်ချက်ရှိသော ပြည်သူများအတွက်သော်လည်းကောင်း တန်ဖိုးနည်းအိမ်ရာများ၊ တန်ဖိုးနည်းပြည်သူ့အိမ်ရာများ ရောင်းချပေးနိုင်ရန် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဖော်ဆောင်သောနည်း၊ ပိုမိုကောင်းမွန်သော နည်းလမ်းအသီးသီးဖြင့် ဖော်ဆောင်ပေးရန် ၁၉၆၇ ခုနှစ်တွင် ပြည်တွင်းထုတ်ချေးငွေဖြင့် (၁၅)နှစ်အရစ်ကျဖြင့် (၁)ကြိမ်၊ ၁၉၉၇ ခုနှစ်တွင် မြေနေရာပေး၍ ယုဇနကုမ္ပဏီဖြင့် အဆောက်အအုံ ဆောက်လုပ်ရောင်းချမှု (၁)ကြိမ်၊ ယခင်က ပေါင်း(၂)ကြိမ် ဆောင်ရွက်နိုင်ခဲ့သော်လည်း တန်ဖိုးနည်းဝန်ထမ်းအိမ်ရာများ၊ တန်ဖိုးနည်း ပြည်သူ့အိမ်ရာများ အရစ်ကျစနစ်ဖြင့် ဆောက်လုပ်ရောင်းချရန် လောလောဆယ်တွင် အစီအစဉ် မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ မေးမြန်းစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှိုင်ဦးက **“လပွတ္တာ-သဃ်န်းကြီး ကားလမ်းအား ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ်ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီးအတွင်းတွင်ရှိသည့် လပွတ္တာခရိုင် လပွတ္တာမြို့နယ်နှင့် ပြင်စလူမြို့နယ်ခွဲတို့ကို ဆက်သွယ်ဖောက်လုပ်ထားသော လပွတ္တာ-သဃ်န်းကြီး-ပြင်စလူလမ်းသည် (၃၅)မိုင်(၂)ဖာလုံရှည်လျားပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေများဖြင့် ရာသီမရွေးလမ်းချောမွေ့စွာသွားလာနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပြီး မူလအမာခံလမ်းနှင့် မြေလမ်းမှ ကတ္တရာလမ်း(၄)ဖာလုံ၊ အမာခံလမ်း(၁)မိုင် ဆောင်ရွက်ပြီးစီးပြီဖြစ်ပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် လပွတ္တာ-သဃ်န်းကြီးလမ်းအတွင်း ရွှေမြစ်လှိုင်းပုတ်တိုက်ခတ်မှုကြောင့် လမ်းလျှောစောင်းမြေပျက်စီးသွားသည့်နေရာတွင် ကျောက်ကြီးများဖြင့် အစားထိုးဖြည့်စီ၍ မြေသားဖြည့်ကြပ်ပြီး ရွှေမြစ်ရေလှိုင်းပုတ်ခတ်မှုကို ကာကွယ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ငွေလုံးငွေရင်းရန်ပုံငွေကျပ် (၁၄၀၀)သန်းဖြင့် မြေလမ်းမှ အမာခံလမ်းခင်းခြင်း(၁၅)မိုင်၊ ပေ(၃၀)အကျယ် မြေသားတာပေါင်တင်ခြင်း (၉)မိုင်နှင့် ကျောက်ကြီးစီ မြေကာနံရံတည်ဆောက်ခြင်း ပေ(၅၀၀) စသည့်လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရန်ပုံငွေလျာထားတင်ပြတောင်းခံထားပါကြောင်းဖြင့် ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးမောင်စောဖြူက **“တပ်တောင်-ကျွဲကူးဆက်သွယ်မည့် တံတားအား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေး လေယာဉ်ကွင်းအထူးအဖွဲ့(၈)မှ တာဝန်ယူတည်ဆောက်နေသော ညောင်ချောင်း-တပ်တောင်လမ်းသည် ညောင်ချောင်းမှ ကျွဲကူးဆိပ်ကမ်းထိ (၇)မိုင်သာရှိပါကြောင်း၊ ကျွဲကူးဆိပ်ကမ်းမှ အမ်းချောင်းကိုဖြတ်သန်းပြီးပါက တပ်တောင်ဘက်ကမ်းသို့ရောက်ရှိမှာဖြစ်ပါကြောင်း၊ အမ်းချောင်းမှာ အကျယ် ပေ(၇၀၀)ကျော်ခန့်၊ ရေအနက်ပေ(၆၀)ခန့်ရှိပြီး အမ်းချောင်းတံတား တည်ဆောက်မည်ဆိုပါက ပေ(၁၀၀၀)ခန့် တည်ဆောက်ပေးရမည်ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် တပ်တောင်-ကျွဲကူးဆက်သွယ်မည့် အမ်းချောင်းကူးတံတားအား လောလောဆယ်တည်ဆောက်ရန် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစိုးအောင်က **“မိတ္ထီလာကန်ကူးတံတားနှင့်ယှဉ်၍ တံတားသစ်တစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ”** နှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ မိတ္ထီလာကန်ကူးတံတားသည် မြတ်နိုးသူကုမ္ပဏီမှ ဘီအိုတီစနစ်ဖြင့် ဆောင်ရွက်နေသော မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းပေါ်၌ တည်ရှိပါကြောင်း၊ ၎င်းတံတားမှာ အရှည်ပေ(၂၀၀)၊ အကျယ်(၂၄)ပေရှိသော (၂)လမ်းသွားတံတားဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိမိတ္ထီလာကန်ကူးတံတားနှင့်ယှဉ်၍ တံတားအသစ်တစ်စင်း တည်ဆောက်ရန် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေကြမ်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးတင်ယုက အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် ခွင့်ပြုချက်ရယူရာ လွှတ်တော်က သဘောတူခွင့်ပြုပြီး ယင်းဥပဒေကြမ်းကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှဒေါက်တာမြတ်ဉာဏစိုးက ထောက်ခံဆွေးနွေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကြမ်းကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးတင်ယုက ဖတ်ကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်၏သဘောတူညီချက်ကိုရယူရာ သဘောတူညီသည့်အတွက် ယင်းဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေးစဉ်းစားရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးခင်ဇော် ရှင်းလင်းဆွေးနွေးစဉ်။
(သတင်းစဉ်)

ယင်းဥပဒေကြမ်းကို ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်၏ **“လယ်ယာစိုက်ပျိုးသီးနှံဖွံ့ဖြိုးတိုးတက်မှုရရှိရန် ဆည်ရေများထိရောက်စွာ ထုတ်လွှတ်ပေးဝေရယူရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးစိုးမြင့်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) မှ ဒေါက်တာမြင့်ကြည်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးလှသိန်းတို့က **လယ်ယာစိုက်ပျိုးသီးနှံဖွံ့ဖြိုးတိုးတက်မှုရရှိရန် ဆည်ရေများထိရောက်စွာ ထုတ်လွှတ်ပေးဝေရယူရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် အစွမ်းကုန်ကြိုးပမ်းအားထုတ် လုပ်ကိုင်မည်ဖြစ်သည်ကို သဘောပေါက်နားလည်ပါကြောင်း၊ သို့ရာတွင် ရေလှောင်တမံများ၊ ရေလွှဲဆည်များ၊ ရေပေးတူးမြောင်းစနစ်များသည် သက်တမ်းရှည်ကြာလာသည်နှင့်အမျှ လူတို့စီမံစွမ်းဆောင်အားနည်းချက်နှင့် ဒီဇိုင်းပိုင်း၊ စံချိန်စံညွှန်းပိုင်းဆိုင်ရာ ချွတ်ယွင်းအားနည်းလာချက် စသည်တို့ကြောင့် ရေသယ်ပို့မှုစွမ်းရည်ကျဆင်းပြီး ရေလေလွင့်ဆုံးရှုံးမှုများပြားလာသည်ကို တွေ့ရှိရပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍတိုးတက်ရေးအတွက် ရေကိုထိရောက်စွာ သုံးစွဲနိုင်ရန်လိုအပ်ပါကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် ရရှိသောဆည်ရေကို စည်းကမ်းစနစ်တကျ သုံးစွဲရန်နှင့် ဆည်မြောင်းဦးစီးဌာနက ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ဆည်မြောင်းဦးစီးဌာနအနေဖြင့် ရေပေးဝေရေးစနစ်နှင့် ရေပေးဝေရေးစီမံခန့်ခွဲမှုတို့ကို ကြိုးကြပ်သွားရန် လိုအပ်ပါကြောင်း**ဖြင့် ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ဆည်မြောင်းဦးစီးဌာနမှ နှစ်စဉ်သီးနှံရာသီအလိုက် ထုတ်ပြန်ရမည့် ဆည်ရေပေးဝေသည့် ရေလှည့်အချိန်ဇယားများကို စနစ်တကျ ပြုစုထုတ်ပြန်မှုမရှိ၍ မည်သည့်နေ့ရက်၊ မည်သည့်အချိန်ခန့်တို့တွင် မိမိတို့၏ လယ်မြေများသို့ ရေရောက်ရှိမည်ကို တောင်သူလယ်သမားများက မသိရှိကြခြင်းနှင့် သိရှိရန်လည်း မကြိုးစားခြင်း၊ လိုအပ်ပါက ညှိနှိုင်းဝိုင်းစောင့်၍ ဆည်ရေရယူလျက် မိမိ၏ရေအလှည့် မနစ်နာစေရေး တောင်သူများလိုက်နာရန် ပညာပေးမှုလိုအပ်ခြင်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြလိုပါကြောင်း။

ဆည်ရေပေးဝေမှုစနစ် ထိရောက်အကျိုးရှိစေရန်နှင့် ရေလေလွင့်ဆုံးရှုံးမှုထိန်းသိမ်းရန်အတွက် ရေအသုံးပြုသူတောင်သူများ၏ ဆည်ရေပေးသွင်းရယူမှုအတွေ့အကြုံနှင့် စည်းကမ်းလိုက်နာမှုတို့ပေါ်တွင် အတိုင်းအတာတစ်ခုအထိ မူတည်နေပါကြောင်း၊ ရေလှောင်ကန်တစ်ခုသည် နှစ်စဉ်စီးဝင်ရေ ပိုလျှံနေပါက ဝေးကွာမှုမရှိသော ရေဝင်နည်းသည့် ဆက်စပ်ရေလှောင်ကန်သို့ လွှဲပြောင်းဖြည့်တင်းပေးခြင်းသို့မဟုတ် ရေပိုရေသောက်စနစ်တစ်ခုမှ ရေလိုရေသောက်စနစ်တစ်ခုသို့ သယ်ပို့စနစ်တစ်ရပ်ရပ်ဖြင့် ကူးပြောင်းရေပေးဝေခြင်းအဆိုနှင့်စပ်လျဉ်း၍ တည်ဆောက်ပြီးစီးပြီဖြစ်သည့် မုန်းချောင်းရေလှောင်တမံစီမံကိန်းမှ ပိုလျှံရေများကို ဆက်စပ်ရေလှောင်ကန်သို့ ချပေးနိုင်ရေးအတွက် ကြီးအုံကြီးဝရေလှောင်တမံကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် ပြီးစီးပြီဖြစ်ပါကြောင်း၊ ထိုနည်းတူ တည်ဆောက်ဆဲဖြစ်သည့် ကျိုင်းခမ်းရေလှောင်တမံနှင့် မြို့ကြီးရေလှောင်တမံတို့မှ ပိုလျှံသောရေများကို ကင်းတားလက်ယာမြောင်းသို့ ရေပိုမိုဖြည့်ပေးရန်နှင့် ကင်းတားလက်ယာမြောင်းမှ ပိုလျှံလာသောရေများကို ရေစုပ်စက်များအသုံးပြု၍ ရေတင်စနစ်ဖြင့် စိုက်ပျိုးရေပေးဝေရန် ဆောင်ရွက်မှုစသည်တို့မှာ ရေလှောင်ကန်တစ်ခုတွင် နှစ်စဉ်စီးဝင်ရေပိုလျှံနေပါက ဝေးကွာမှုမရှိသော ရေဝင်နည်းသည့် ဆက်စပ်ရေလှောင်ကန်သို့ လွှဲပြောင်းဖြည့်တင်းပေး၍ ဆည်ရေသောက်စနစ်သို့ ရေကူးပေးဝေခြင်းလုပ်ငန်းများဖြစ်ပါကြောင်း၊ ထိုနည်းတူ နှစ်စဉ်ရေဝင်ရောက်မှုနည်း၍သော်လည်းကောင်း၊ ဆည်ရေပေးဝေရာတွင် ပိုမိုလုံလောက်မှုရှိစေရန်အတွက်လည်းကောင်း ရေကူးရေလှောင်တမံများကိုလည်း တည်ဆောက်ပေးလျက်ရှိပါကြောင်း။

သတ်မှတ်လယ်မြေများအပိုင်းလိုက် ဆည်ရေပေးဝေရာတွင် သတ်မှတ်ကာလအတွင်း ရေပေးဝေခြင်း၊ လက်ခံရယူခြင်းတို့ကို တိကျစွာလိုက်နာမှုမရှိသည့်အတွက် မလိုအပ်ဘဲရေပေးဝေချိန်ကို ဆန့်ထုတ်လိုက်လျောရခြင်းကြောင့် ရေလေလွင့်ဆုံးရှုံးမှုဖြစ်ပေါ်ခြင်းကို တောင်သူများက သဘောပေါက်နားလည်စေရေးအတွက် ဒေသအုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၏ဦးဆောင်မှုဖြင့် ဟောပြောပညာပေးရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဆည်ရေပေးဝေသည့် ကာလတစ်လျှောက် ဌာနမှတာဝန်ရှိဝန်ထမ်းများမှ ရေပေးဝေမှုအဟန့်အတားများကို ကျော်လွှားနိုင်ရန် တောင်သူလယ်သမားများအား စည်းရုံးဟောပြောခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများကို ပြုလုပ်လျက်ရှိပါကြောင်း၊ ကျွမ်းကျင်လုပ်သား အင်အားနည်းပါးပြီး လုပ်ငန်းနယ်ပယ်ကျယ်ဝန်းသဖြင့် လစ်ဟင်းမှုအချို့ဖြစ်ပေါ်တတ်ပါကြောင်း။

မကြာမီကာလတွင် ဧက (၅၀၀၀)နှင့်အောက် ဆည်မြောင်းလုပ်ငန်းများကို သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီးအစိုးရများ၏ အုပ်ချုပ်မှုသို့ လွှဲပြောင်းထိန်းသိမ်းစေမည်ဖြစ်ရာ ပိုမိုထိရောက်သော ရေပေးဝေမှုဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း၊ ထိန်းသိမ်းထားသော ဆည်ရေပေးမြောင်းများမှာ မြေသားမြောင်းများဖြစ်ပြီး သက်တမ်းအရ ယိုယွင်းစပြုနေသော တူးမြောင်းများကို ခေတ်မီအောင် ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ရန်လိုအပ်နေခြင်းကြောင့် သက်တမ်းကြာပြီဖြစ်သော ရေသောက်စနစ်(၁၆)ခုကို ခေတ်မီအောင် ပြန်လည်ပြုပြင်ဆောင်ရွက်ရန် ရန်ပုံငွေခွင့်ပြုချက်ရရှိရေး တင်ပြထားပါကြောင်း။

မူလက ကုန်ကျစရိတ်သက်သာစေရန် ဆည်ရေသောက်ဧရိယာ၏ မြေအမျိုးအစားအမျိုးမျိုးပေါ်တွင်မူတည်၍ မြေသားတူးမြောင်းများ ဒီဇိုင်းပုံစံကိုထုတ်လုပ်တည်ဆောက်ခဲ့ကြသဖြင့် ရေစိမ့်ဝင်မှုများပြားသည့် သဲဆန်သောမြေများတွင် တည်ဆောက်ထားသည့် ဆည်ရေသောက်စနစ်များရှိ ရေပေးတူးမြောင်းများကို ရေလေလွင့်ဆုံးရှုံးမှုသက်သာစေရန် အုတ်ပန်းရံ၊ ကျောက်ပန်းရံ၊ ကွန်ကရစ်တူးမြောင်းများ စသည်တို့ကို လိုအပ်ချက်နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သို့ရာတွင် ဆည်၊ ရေလှောင်တမံအားလုံးအတွက် ဆောင်ရွက်ပေးရန်မှာ ကုန်ကျစရိတ်များပြားမှုကြောင့် လိုအပ်ချက်အားလုံးကို ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ အထူးဦးစားပေးဆောင်ရွက်ပေးရန်လိုအပ်မည့် ရေသောက်စနစ်များရှိ တူးမြောင်းများကို ဆောင်ရွက်ပေးရန် လိုအပ်ချက်အပေါ်မူတည်၍ နိုင်ငံတော်သို့ ရန်ပုံငွေခွင့်ပြုချက်ရရှိရေး တင်ပြပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ဆည်ရေထိရောက်စွာ အသုံးပြုနိုင်ရေးဆိုသည်မှာ လုပ်ငန်းများ (စ-လယ်-ဆုံး) ထိတိုင် ပြီးစီးရန်လိုအပ်ပါကြောင်း၊ လုပ်ငန်းများ (စ-လယ်-ဆုံး)ပြီးရန်ဆိုသည်မှာ ခေတ်ကာလအခြေအနေအရ ထိုက်သင့်သည့်ရန်ပုံငွေကို အချိန်မီရရှိဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ ဆည်ရေပေးဝေရာတွင် ဌာနဆိုင်ရာညွှန်ကြားချက်များနှင့် တူးမြောင်းဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း မြောင်းအဖျားပိုင်းကို ဦးစားပေးခြင်း၊ မြောင်းအလိုက် ရေလှည့်စနစ်ကျင့်သုံးခြင်း၊ မြောင်းခေါင်းများခန့်ထားတာဝန်ပေးခြင်းနှင့် ပတ်သက်၍ ဆည်၊ ရေလှောင်တမံများ၏ မြောင်းများအလိုက် တာဝန်ပေးခန့်ထားရန်ဖြစ်သော်လည်း တိုးတက်များပြားလာသည့် ရေသောက်ဧရိယာများကို ပိုင်ပိုင်နိုင်နိုင်ထိန်းသိမ်းဆောင်ရွက်လုပ်ကိုင်ရန် ဆည်အခွန်ဝန်ထမ်းများနှင့် တူးမြောင်းလုပ်သားအင်အားများကို လက်ရှိခွင့်ပြုပြီး ဖွဲ့စည်းပုံအတိုင်း အပြည့်အဝခန့်ထားပေးရန် လိုအပ်လျက်ရှိပါကြောင်း။

ဆည်ရေပေးဝေရေးလုပ်ငန်းကို ပီပြင်အောင် အကောင်အထည်ဖော်နိုင်ရန်အတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များမှဦးဆောင်ပြီး သက်ဆိုင်ရာတောင်သူများပါဝင်သည့် ရေအသုံးပြုသူများအဖွဲ့ဖြင့် ဆည်ရေပေးဝေခြင်းနှင့် တူးမြောင်းထိန်းသိမ်းခြင်းလုပ်ငန်းများကို ပူးပေါင်းတာဝန်ယူသည့်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် တူးမြောင်းဥပဒေကို ဖောက်ဖျက်ကျူးလွန်သည့် လုပ်ရပ်များဖြစ်သော တူးမြောင်းများ၊ ရေနုတ်မြောင်းများကို ဖျက်ဆီးခြင်း၊ ပိတ်ဆို့ခြင်း၊ ရေထုတ်ပွင့်များချဲ့ထွင်ခြင်း၊ အရွယ်အစားပြောင်းလဲတပ်ဆင်ခြင်း၊ အရေအတွက်တိုးချဲ့ခြင်း၊ သတ်မှတ်ဒီဇိုင်းရေပြေးနိမ့်မြင့်မှတ် ပြင်ဆင်ပြောင်းရွှေ့တပ်ဆင်ခြင်း၊ လယ်ကြားမြောင်းရေပေးပွင့်စာရင်းပါအရေအတွက်နှင့် ကွာခြားခြင်းတို့ကို စစ်ဆေးတွေ့ရှိပါက ဥပဒေနှင့်အညီ တိတိကျကျအရေးယူဆောင်ရွက်မှုများပြုလုပ်ရန် ညွှန်ကြားပြီးဖြစ်ပါကြောင်း။

ဆည်ရေရယူအသုံးပြုမှု စနစ်တကျဖြစ်စေရန်လည်းကောင်း၊ ဆည်ရေသောက်စနစ်တူးမြောင်းများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းအသုံးပြုနိုင်စေရန်လည်းကောင်း မြန်မာနိုင်ငံတူးမြောင်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာဆည်ရေသောက်တောင်သူများမှ လေးလေးစားစားလိုက်နာဆောင်ရွက်ကြရန် အထူးပင်လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့အသီးသီး၏အားကိုယူ၍ ထိရောက်စွာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူညီသည့်အတွက် အဆိုကို အတည်ပြုကြောင်း ကြေညာသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်းက **“အစိုးရဌာနများနှင့် နိုင်ငံ့ဝန်ထမ်းများကို ပြည်သူက ပိုမိုယုံကြည်အားကိုးမှုရှိလာစေရန် ပြည်ပနိုင်ငံအချို့၏ ကောင်းသောစနစ်များကို အတုယူဆောင်ရွက်ပြီး သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောစနစ်အတွက် အထောက်အကူဖြစ်စေရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို တင်သွင်းရာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွန့်တင်က ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်၏သဘောတူညီချက်ကိုရယူရာ သဘောတူညီသည့်အတွက် အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပထမအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ညနေ ၃ နာရီ မိနစ် ၅၀ တွင် ရပ်နားလိုက်ပြီး အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို မတ် ၁၂ ရက် တနင်္လာနေ့ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် မေးခွန်း(၁၀)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်း၊ ဥပဒေကြမ်း(၁)ခုအား တင်သွင်းခြင်း၊ အဆို(၁)ခု ဆွေးနွေးခြင်း၊ အတည်ပြုခြင်းနှင့် အဆိုသစ် (၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီးအတွင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် တည်ဆောက်ဖွင့်လှစ်ပေးထားသည့် မြိတ်မြို့နှင့် ထားဝယ်မြို့တို့ရှိ တက္ကသိုလ်များ

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ဒေသခံတိုင်းရင်းသား လူငယ်လူရွယ်များ အဆင့်မြင့်ပညာသင်ကြားနိုင်ရေးအတွက် တည်ဆောက်ဖွင့်လှစ်ပေးထားသော မြိတ်တက္ကသိုလ်ကို တွေ့ရစဉ်။ (အပေါ်ပုံ)

ဒေသတွင်း တိုင်းရင်းသားလူငယ်များ အတတ်ပညာ၊ နည်းပညာများ သင်ယူတတ်မြောက်စေရန် ရည်ရွယ်၍ မြိတ်မြို့တွင် တည်ဆောက်ဖွင့်လှစ်ပေးထားသော နည်းပညာတက္ကသိုလ်(မြိတ်)ကို တွေ့ရစဉ်။ (ယာပုံ)

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျောင်းသား ကျောင်းသူများအား အသိပညာများ တိုးတက်မြင့်မား လာစေရန်အတွက် တက္ကသိုလ်တစ်ခု ဂုဏ်ဒြပ်နှင့်အညီ တည်ဆောက်ဖွင့်လှစ်ပေးထားသော ထားဝယ်တက္ကသိုလ် (အောက်ပုံ)နှင့် နည်းပညာတက္ကသိုလ်(ထားဝယ်) (ဝဲပုံ)ကို ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။

✻ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မျိုးဆက်သစ် လူငယ်မောင်မယ်များ အသိပညာ၊ အတတ်ပညာများ သင်ကြားနိုင်ရန် အဆင့်မြင့်ပညာ၊ အဆင့်မြင့်နည်းပညာတက္ကသိုလ်များ တည်ဆောက်ဖွင့်လှစ်ပေးခဲ့သဖြင့် ဒေသအတွင်းမှာပင် လူငယ်များ လက်လှမ်းတမီ သင်ကြားနိုင်ပြီဖြစ်သည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

ဒုတိယသမ္မတ သီဟ သူရ ဦး တင် အောင်မြင့်ဦး ၂၀၁၂ ခုနှစ် (၄၉)ကြိမ်မြောက် မြန်မာ့ကျောက် မျက်ရတနာ ပြပွဲ ဖွင့်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

○ ရွှေဖုံးမှ

အဖွဲ့ဝင်များသည် မဏိရတနာကျောက်စိမ်းခန်းမ ပထမထပ်ဧည့်ခန်းမမှနေ၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲများ ကျင်းပခဲ့မှု၊ ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်၌ အောင်မြင်စွာကျင်းပခဲ့မှု၊ ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ ပြပွဲကျင်းပနိုင်ခဲ့မှုနှင့် ယခု ၂၀၁၂ ခုနှစ် (၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းများကို ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မဏိရတနာကျောက်စိမ်းခန်းမ ပထမထပ်၌ ခင်းကျင်းပြသထားသည့် အရည်အသွေးကောင်း ကျောက်စိမ်းအတွဲများကို လည်းကောင်း၊ မြေညီထပ်၌ ပုဂ္ဂလိက ကုမ္ပဏီများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ခင်းကျင်းပြသထားသည့် ကျောက်မျက်ရတနာဆိုင်ခန်းများကို လည်းကောင်း၊ သက်ဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် စီစဉ်ခင်းကျင်းထားမှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ထွက်ခွာသွားသည်။

(၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၉ ရက်မှ ၁၈ ရက်အထိ နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပသွားမည်ဖြစ်ပြီး ကျောက်စိမ်းအတွဲ ၁၆၉၇ တွဲ၊ ကျောက်မျက်အတွဲ ၂၂၇ တွဲ၊ ပုလဲအတွဲ ၃၆၇ တွဲကို ပြသရောင်းချသွားမည်ဖြစ်သည်။ ပုလဲအတွဲများကို မတ် ၉ ရက်နှင့် ၁၀ ရက်တို့တွင် တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက် ရတနာဈေးအထပ်တွင် ရောင်းချသွားမည်ဖြစ်သည်။ မတ် ၁၀ ရက်တွင် ကျောက်မျက်အတွဲများကို တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် လည်းကောင်း၊ ကျောက်စိမ်းအတွဲများကို မတ် ၁၁ ရက်မှ ၁၅ ရက်အထိ တင်ဒါစနစ်ဖြင့် လည်းကောင်း၊ မတ် ၁၆ ရက်မှ ၁၈ ရက်အထိ ဈေးပြိုင်စနစ်ဖြင့် လည်းကောင်း မဏိရတနာကျောက်စိမ်းခန်းမ၌ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲသို့ နိုင်ငံပေါင်း ရှစ်နိုင်ငံ ပြည်ပကုမ္ပဏီ ၄၃၂ ခုမှ နိုင်ငံခြားသားရတနာကုန်သည် ၁၉၅၁ ဦးနှင့် ပြည်တွင်းရှိ ကုမ္ပဏီ ၆၉၄ ခုတို့မှ ရတနာကုန်သည် ၃၀၃၇ ဦးခန့် ရောက်ရှိနေသည်ဟုသိရပြီး ယခုကျင်းပသည့် ၂၀၁၂ ခုနှစ် (၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် နေပြည်တော်တွင် ဆဋ္ဌမအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဘယ်လ်ဂျီယံနိုင်ငံ ဖလင်းမစ်ရှ်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် မစ္စတာ ခရစ်ပီတာအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသိန်းထိုက်၊ ဦးစိုးမောင်၊ ဦးဉာဏ်ထွန်း အောင်၊ ဒေါက်တာ ဖေသက်ခင်နှင့် မြန်မာ နိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးတေဇ တို့ (၄၉)ကြိမ်မြောက် မြန်မာ့ကျောက် မျက်ရတနာပြပွဲ ဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုး ဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

✻ စာမျက်နှာ ၃ မှ

မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအားထောက်ပံ့စောင့်ရှောက်ရေး ဥပဒေကြမ်းပါ နိဒါန်း၊ အပိုဒ် ၂(က၊ ခ၊ ဂ၊ ဃ၊ င)၊ အခန်း(၂)ခေါင်းစဉ်၊ အပိုဒ် ၄၊ အခန်း(၃)ခေါင်းစဉ်၊ အပိုဒ် ၅၊ အခန်း(၄)ခေါင်းစဉ်၊ အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၉ တို့နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်အဆိုအတိုင်းလည်းကောင်း၊ အပိုဒ် ၂(ခ၊ ဆ)တို့နှင့်စပ်လျဉ်း၍ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်၏ ပြင်ဆင်ချက် အဆိုအတိုင်းလည်းကောင်း၊ အပိုဒ် ၆ နှင့်စပ်လျဉ်း၍ သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း၏ ပြင်ဆင်ချက်အဆိုအတိုင်းလည်းကောင်း လွှတ်တော်က သဘောတူ ဆုံးဖြတ်သည်။

အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေကြမ်းတစ်ရပ်လုံးကိုလည်းကောင်း၊ မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသောတပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေး ဥပဒေကြမ်းတစ်ရပ်လုံးကိုလည်းကောင်း ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း လွှတ်တော်က သဘောတူအတည်ပြုဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို ညနေ ၄ နာရီခွဲတွင်ရပ်နားပြီး အစည်းအဝေး(၁၂) ရက်မြောက်နေ့ကို မတ်လ ၁၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

၁၀-၃-၂၀၁၂ (စနေနေ့)

- ၅း၄၀ "တရားမသိရှက်စရာနှင့် တရားမရှိကြောက်စရာ" တရားတော်(ပြည်တွင်းပြည်ပ သာသနာပြုအောင်ဆန်း ဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မ ကိတ္တိသာရ)
- ၈း၅၀ The Shop Around The Corner (Part-40)
- ၉း၃၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀း၀၀ "ဒီနေ့ဘာဟင်းချက်မလဲ" (ခလွာကြက်သားဟင်းခတ်မှုန့်) (ဝက်ပဲငါးပိ)
- ၁၀း၂၀ အရည်အသွေးတို့၏ ပုံရိပ်များ
- ၃း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်မေတ္တာဖြင့်လှစေသူ" (အပိုင်း-၉)**
- ၄း၀၀ MNL MYANMAR 2012 (MagwayVs KBZ)(LIVE)
- ၆း၁၅ "အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက"ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တစတိလမဟာထေရ်မြတ်၏ "ပုနောပသမ္ပဒ အဘိဝိဇာတမင်္ဂလာ"နှင့် "အဘိဓေအဂ္ဂမဟာပူဇာသဘင်"
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ" (အပိုင်း-၁၇)**
- ၇း၁၀ ရန်ကုန်မြင်ကွင်းကျယ် (Ytalk Calling စနစ်စတင်သုံးစွဲခြင်းအခမ်းအနား)
- ၇း၄၀ သွားမယ်စားမယ် (Orchid Restaurant Inya Lake)
- ၈း၃၀ Activities In The City (ဒသမအကြိမ်ဆရာဝန်တင်ရွှေစာပေဆုပေးပွဲအခမ်းအနား)
- ၈း၄၅ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ဒါရိုက်တာမောင်မောင်မြင့်) (အပိုင်း-၄)
- ၉း၂၅ Barclays Premier League (Sunderland Vs Liverpool)
- ၁၁း၂၅ ဖက်ရှင်လမ်းညွှန်
- ၁၁း၅၅ Barclays Premier League (Everton Vs Spurs)
- ၁း၅၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၉၄)**
- ၂း၅၀ ခံစားချက်တို့ပေါင်းစုံရာ. . . ပေပလီကမ်းခြေသာ
- ၄း၀၅ ထန်းသမားတို့ဘဝ

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၇း၁၀	Bolton	-	QPR	(ESPN)
၉း၂၅	Sunderland	-	Liverpool	(ESPN) (MRTV-4)
၉း၂၅	Chelsea	-	Stoke City	(Star Sports)
၁၁း၅၅	Everton	-	Spurs	(ESPN) (MRTV-4)

*ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အိုင်အိုအမ် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မတ် ၉

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (အိုင်အိုအမ်) ညွှန်ကြားရေးမှူးချုပ် မစ္စတာ ဝီလျံလေစီဆွင်းနှင့်အဖွဲ့သည် ယနေ့နံနက် ၈ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် မြန်မာနိုင်ငံနှင့် အိုင်အိုအမ်တို့ ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(ယာပုံ) (သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေးပထမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

နေပြည်တော် မတ် ၉

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေးပထမနေ့ကို မတ် ၈ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်နှင့် လွှတ်တော်ကိုယ်စားလှယ် ၇၀ တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း(၁၀)ခုကို မေးမြန်းဖြေကြားခြင်း၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၂ ခုနှစ် တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)တင်သွင်းခြင်း၊ အဆို(၃)ခု တင်သွင်းခြင်းများ ဆောင်ရွက်ပြီး အစည်းအဝေးကို ညနေ ၄ နာရီတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

အိန္ဒိယအစိုးရမှ အထောက်အပံ့ပေးသည့် စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ယန္တရားများလွှဲပြောင်းလက်ခံခြင်း အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၉

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို အခြေခံ၍ အိန္ဒိယသမ္မတနိုင်ငံမှ မြန်မာနိုင်ငံ၏ စက်မှုလယ်ယာကဏ္ဍ ပိုမိုမြင့်တင်ရေးအတွက် အမေရိကန်ဒေါ်လာ ၁၀ သန်း တန်ဖိုးရှိ လယ်ယာလုပ်ငန်းသုံး စက်ယန္တရားများ ပံ့ပိုးပေးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ လယ်ယာလုပ်ငန်းသုံး စက်ယန္တရားများမှာ မြင်းကောင်ရေ ၄၀ ရှိ ထွန်စက်ကြီး ၃၀၀၊ မြင်းကောင်ရေ ၁၁၀ ရှိ ရိတ်သိမ်းခြွေလှေ့စက် ၁၅၀၊ မြင်းကောင်ရေ ၁၃ ဒသမ ၅ ရှိ လက်တွန်းထွန်စက် ၂၈၈ စီး၊ ထွန်/ထယ် ၄၃၁ ခု၊ မြောင်းဖော် မျိုးစေ့ချကိရိယာ ၈၆ ခု၊ သီးနှံမျိုးစုံ မျိုးစေ့ချကိရိယာ ၈၇ ခု၊ မြေညှိစက် ၈၃ ခု၊ သစ်ပင်ငယ်များ စိုက်ပျိုးရန် တွင်းတူးစက် ၈၇ခု တို့ဖြစ်သည်။

ယင်းစိုက်ပျိုးရေးလုပ်ငန်းသုံး စက်ယန္တရားများကို အိန္ဒိယ သမ္မတနိုင်ငံမှတင်ပို့ရာတွင် စက်မှုဝန်ကြီးဌာနက မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံရုံးနှင့်တွဲ၍ တာဝန်ယူတပ်ဆင်မှုများ ပြုလုပ်ခဲ့သည်။

စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ယန္တရားများကို အိန္ဒိယသမ္မတ နိုင်ငံအစိုးရကိုယ်စား နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ ရန်ဂျန်မထိုင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Dr. V. S. Seshadri တို့က စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းထံ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အမှတ်(၁၁) အထွေထွေအကြီးစား စက်ရုံနယ်မြေအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် အိန္ဒိယသမ္မတ နိုင်ငံ နိုင်ငံခြားရေးအတွင်းဝန်တို့က အမှာစကားပြောကြားကြပြီး စက်ယန္တရားများ လွှဲပြောင်းလက်ခံကာ အထောက်အပံ့ရရှိသော စက်ယန္တရားများကို လှည့်လည်ကြည့်ရှုကြသည်။

အိန္ဒိယသမ္မတနိုင်ငံအစိုးရထံမှ လက်ခံရရှိသော စိုက်ပျိုးရေး လုပ်ငန်းသုံး စက်ယန္တရားများကို လိုအပ်ချက်ရှိသော တိုင်းဒေသကြီး နှင့် ပြည်နယ်များသို့ အခမဲ့ဖြန့်ဖြူးသွားရန် အစီအစဉ်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံအစိုးရမှ လက်ခံရရှိသော စက်ယန္တရားများကို စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း နှင့် အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ ရန်ဂျန်မထိုင်းတို့ ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား အမေရိကန်နိုင်ငံ Johns Hopkins တက္ကသိုလ်မှ ဧည့်သည်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မတ် ၉

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား အမေရိကန်နိုင်ငံ Johns Hopkins တက္ကသိုလ်မှ Director, Professor Dr. Kari Jackson နှင့်အဖွဲ့သည် မတ် ၆ ရက်နံနက် ၈ နာရီခွဲတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် Johns Hopkins တက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်တို့ ပူးပေါင်း၍ သုတေသနဌာနတစ်ခု ထူထောင်နိုင်ရေးဆွေးနွေးကြပြီး တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအေးကြူ၊ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အလေးမလက်ရည်စမ်းပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၉

၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ရည်ရွယ်၍ အလားအလာရှိသော အလေးမ အားကစားသမားများ ပေါ်ထွက်လာစေရန် အလေးမ လက်ရည်စမ်းပြိုင်ပွဲကို မတ် ၂၆ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း အလေးမ လေ့ကျင့်ရေးရုံ၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အဖြစ် ရွေးချယ်ခံလိုသည့် အလေးမအားကစားသမားမည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး မတ် ၂၂ ရက်နောက်ဆုံးထားကာ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေထံ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၃၈၈၁၆၀ သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။

ပြိုင်ပွဲဝင်မည့် အလေးမအားကစားသမားများသည် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်က သတ်မှတ်ထားသော ဒုတိယတန်းအဆင့် စံချိန်နှင့်အထက်ရရှိထားသည့် အားကစားသမားများဖြစ်ရမည်ဖြစ်ပြီး ကိုယ်အလေးချိန် ချိန်ခြင်းကို မတ် ၂၆ ရက် နံနက် ၈ နာရီတွင် ပြုလုပ်မည်ဖြစ်ကာ နယ်မှဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများ၏ နေထိုင်ရေး၊ အသွား/အပြန်ခရီးစရိတ်နှင့် စားစရိတ်ကို မြန်မာနိုင်ငံအလေးမ အဖွဲ့ချုပ်က ကျခံပေးမည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁-၃၈၈၁၆၀ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တန်းဆင်းဇုန်မှ ရန်းထွက်ရန် ရက္ခပူရနှင့် မောရဝတီတို့နိုင်ပွဲများရယူ

ရန်ကုန် မတ် ၉

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်(၉) ပထမနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့၌ ကျင်းပရာ ရက္ခပူရယူနိုက်တက်နှင့် မောရဝတီ တို့နိုင်ပွဲများအသီးသီးရရှိခဲ့ကြသည်။

တန်းဆင်းဇုန်ထဲတွင် ကျရောက်နေသည့် အသင်းနှစ်သင်း၏ တွေ့ဆုံမှုမှာ အကြိတ်အနယ်မရှိခဲ့ဘဲ ရက္ခပူရအသင်းက ချင်းယူနိုက်တက်ကို ခြေအသာဖြင့် ကစားကာ ဂိုးပြတ်အနိုင် ရရှိသွားခဲ့သည်။ ဘန်ဆန်၊ အောင်သန်းဝင်းစသည့် အမာခံကစားသမားများ မပါဝင်သော်လည်း ရက္ခပူရအသင်းမှာ ပွဲစကတည်းက ခြေအသာဖြင့် ကစားကာ ပထမပိုင်းကတည်းက သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိနေသည်။ ကိုးမိနစ်တွင် အဲလက်၊ ၁၇ မိနစ်တွင် အန်ဒရီနှင့် ၂၃ မိနစ်တွင် နေသူလှိုင်တို့က သွင်းယူခဲ့ပြီး ရက္ခပူရအတွက် စတုတ္ထဂိုးကို ၈၃ မိနစ်တွင် ကျော်ကျော်ထက်တို့က သွင်းယူခဲ့သည်။ ချင်းယူနိုက်တက်အသင်းမှာ ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ ယခုပွဲအရှုံးကြောင့် အမှတ်ပေးဇယားအောက်ဆုံးသို့ ရောက်ရှိသွားခဲ့သည်။

တစ်လုံးတည်းသော ချေပဂိုးကို ၈၉ မိနစ်တွင် ဗယ်လာဗာနာက သွင်းယူခဲ့သည်။

(အောင်ဆန်းကွင်း)

မောရဝတီ - တစ်ဂိုး

ဇွဲကပင်ယူနိုက်တက် - ဂိုးမရှိ

ယခုပွဲအနိုင်ရလဒ်ကြောင့် မောရဝတီအသင်းမှာ ပထမဆုံးနိုင်ပွဲရရှိပြီး အမှတ်ပေးဇယားအောက်ဆုံးနေရာမှ အဆင့်(၁၂)နေရာသို့ ရောက်ရှိသွားခဲ့သည်။

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)

မကွေး - ကမ္ဘောဇ

(NPT ကွင်း)

နေပြည်တော် - ဟံသာဝတီယူနိုက်တက်

သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်

ရက္ခပူရအသင်းမှ တိုက်စစ်မှူး နေသူလှိုင်၏ ထိုးဖောက်မှုကို ချင်းယူနိုက်တက် ကစားသမားများ တားဆီးစဉ်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေး မှတ်တမ်းရုပ်ရှင်ဇာတ်လမ်းတို မတ်လကုန်ပိုင်းတွင် ထုတ်လွှင့်ပြသမည်

ရန်ကုန် မတ် ၉

လူကုန်ကူးမှု တားဆီးကာကွယ်ရေး မှတ်တမ်းရုပ်ရှင်ဇာတ်လမ်းတိုကို မတ်လကုန်ပိုင်း၌ ရုပ်မြင်သံကြားအစီအစဉ်များတွင် ရိုက်ကူးထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံအတွင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေးအသိပညာပေးရေး လုပ်ငန်းများကို ဆောင်ရွက်ရန် MTV EXIT (လူကုန်ကူးမှုနှင့် အတင်းအဓမ္မစေခိုင်းမှုများပပျောက်ရေး)က အဆိုတော် Rဇာနည်ပါဝင်သော Enslaved (ကျွန်ပြုခြင်း)အမည်ရှိ အသိပညာပေးမှတ်တမ်းရုပ်ရှင်ဇာတ်ကားသစ်ကို ဇာတ်လမ်းတိုအဖြစ် ရိုက်ကူးထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။ အဆိုပါ ပညာပေးဇာတ်လမ်းကို မြန်မာနိုင်ငံမှ လူကုန်ကူးမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့နှင့် US AID၊ Aus AID၊ ASEAN အဖွဲ့တို့ ပူးပေါင်းကာ ရိုက်ကူးထားပြီး လာမည့် မတ်လနောက်ဆုံးပတ်တွင် MRTV နှင့် MRTV-4 ရုပ်မြင်သံကြားအစီအစဉ်များတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။ ယင်းဇာတ်ကားကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးခြင်းလုပ်ငန်းများနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ရိုက်ကူးထုတ်လွှင့်ခြင်းဖြစ်သည်။

အဆိုပါ ဇာတ်လမ်းသည် လူကုန်ကူးမှုကွင်းဆက်တွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ပတ်သက်ခဲ့သူများ၏ ဘဝအတွေ့အကြုံများကို မှတ်တမ်းတင်ရိုက်ကူးထားပြီး ခက်ခဲကြမ်းတမ်းမှုများကို ရင်ဆိုင်ကျော်လွှားခဲ့ရသည့် လူသားသုံးဦး၏ ဘဝအတွေ့အကြုံဖြစ်ရပ်မှန်များကို သိရှိသတိပြုမိစေရန် ရိုက်ကူးတင်ဆက်ထားကြောင်း သိရသည်။ ယခုရိုက်ကူး ထုတ်လွှင့်မည့် မှတ်တမ်းရုပ်ရှင်သည် ၂၀၀၉ ခုနှစ်က ရိုက်ကူးထုတ်လွှင့်ခဲ့သည့် Traffic မှတ်တမ်းရုပ်ရှင်၏ နောက်ဆက်တွဲဖြစ်ပြီး ထိုစဉ်က အဆိုတော် ဖြူဖြူကျော်သိန်းက MTV EXIT ၏ ပထမဆုံးသံတမန်အဖြစ် နောက်ခံစကားပြောဖြင့် တင်ဆက်ခဲ့ကာ MRTV-4 တွင် ထုတ်လွှင့်ပြသခဲ့ပြီးအောင်မြင်မှုရရှိခဲ့သည်ဟု သိရသည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှု အသိပညာပေးရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ ဖြစ်စေရန်အတွက် အသိပညာပေး မှတ်တမ်းရုပ်ရှင်ဇာတ်ကားသစ်ကို ရိုက်ကူးထုတ်လွှင့်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၀၀၁)

အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) တက္ကသိုလ်များတင်းနစ်ပြိုင်ပွဲတွင် ရွှေဖလားဆုရရှိခဲ့သော ဒဂုံတက္ကသိုလ်မှ တင်းနစ်ဆပ်ကော်မတီဥက္ကဋ္ဌနှင့် အသင်းခေါင်းဆောင်ပါမောက္ခဒေါ်ဘေဘီစန်းရွှေဖလားဆုလက်ခံယူစဉ်။ (ကြေးမုံ)

တင်းနစ်ပြိုင်ပွဲတွင် ဒဂုံတက္ကသိုလ် ရွှေဖလားဆု ထပ်မံဆွတ်ခူး

ရန်ကုန် မတ် ၉

၂၀၁၁ - ၂၀၁၂ ပညာသင်နှစ်တွင် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)တက္ကသိုလ်များ တင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၉ ရက်တွင်ကျင်းပခဲ့ရာ တံခွန်စိုက်ရွှေဖလားဆုကို ဒဂုံတက္ကသိုလ်မှ ဆွတ်ခူးရရှိခဲ့သည်။ ဆုများကို အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးသိန်းကြီးက ပေးအပ်ခဲ့သည်။ ဒဂုံတက္ကသိုလ်တင်းနစ်ဆပ်ကော်မတီမှ အားကစားသမားများသည် ရွှေဖလားဆုကို နှစ်နှစ်ဆက်တိုက်ရရှိခဲ့သော အသင်းဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ဖိတ်ခေါ်ပိုက်ကျော်ခြင်း ပြိုင်ပွဲများကျင်းပမည်

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ကြီးမှူး၍ MYANMAR BREWERY LTD. ၏ အဓိကပံ့ပိုးမှုဖြင့် ရန်ကုန်၊ မန္တလေးနှင့် မော်လမြိုင်မြို့များ၌ DOUBLE STRONG CHAMPIONSHIP ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်သည်။

ရန်ကုန်မြို့၌ ဧပြီ ၂၅ ရက်မှ ၂၉ ရက်အထိ မန္တလေးမြို့၌ မေ၂၃ ရက်မှ ၂၇ ရက်အထိနှင့် မော်လမြိုင်မြို့၌ ဇူလိုင် ၉ ရက်မှ ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ရန်ကုန်၊ မန္တလေးနှင့် မော်လမြိုင်မြို့များ၌ ပထမအဆင့်ခြေစစ်ပွဲ များ ယှဉ်ပြိုင်ကာ ပထမ၊ ဒုတိယ၊ တတိယရရှိသည့် အသင်းများသည် မော်လမြိုင်မြို့၌ တစ်ဆက်တည်း အပြီးသတ်ယှဉ်ပြိုင်သွားရမည်ဖြစ်သည်။

စုစုပေါင်းဆုငွေကျပ် ၆၃ သိန်း ချီးမြှင့်သွားမည့်အပြင် ပြိုင်ပွဲဝတ်စုံများကိုလည်း ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ခြေစစ်ပွဲအောင် အမျိုးသားအသင်းနှင့် အမျိုးသမီးအလွတ်တန်းယှဉ်ပြိုင်မည့်အသင်းများအတွက် ခရီးစရိတ်၊ စားသောက်စရိတ်များထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ်ကို မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ရုံး ဖုန်း-၀၁-၅၇၇၄၆၁၊ ဦးကျော်ဇင်မိုး(အတွင်းရေးမှူး) ဖုန်း-၀၉-၅၁၂၈၉၈၅ နှင့် နည်းပြဦးသန်းလွင် ဖုန်း-၀၉၄၉၅၇၂၃၇၇ တို့ထံ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

ညောင်ရွှေမြို့တွင် မီးလောင်မှုဖြစ်ပွား

ညောင်ရွှေ မတ် ၉

ညောင်ရွှေမြို့ မြို့လယ်ရပ် ဗိုလ်ချုပ်လမ်းနှင့် အမှတ်(၆)လမ်းသွယ်ရှိ ဒေါက်တာတင်အေးနိုင်နှင့်ဒေါ်ရီရီမြ မောင်နှမ နေအိမ်မှ ယနေ့ညနေ ၃ နာရီခွဲတွင် မီးစတင် လောင်ကျွမ်းခဲ့ကြောင်းသိရသည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်ခြောက်စီး၊ စလန(၆၄၆)မှ မီးသတ်ယာဉ်တစ်စီး၊ စည်ပင်သာယာရေးဦးစီးဌာနနှင့် အရပ်ဘက်ရေသယ်ယာဉ် ရှစ်စီး၊ ရေစုပ်စက် ငါးလုံးတို့ဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပြည်သူများက ကူညီကယ်ဆယ်ငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် အိမ်လေးလုံး၊ အိမ်ထောင်စုရှစ်စု မီးဘေးသင့်ခဲ့ရသည်။ မီးလောင်ဆုံးရှုံးခံရသူများကို အမက (၃)ကျောင်းတွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိ၍ လိုအပ်သောကူညီစောင့်ရှောက်မှုများ ပေးလျက်ရှိကြောင်း သိရသည်။ (၆၇၃)

မီး လောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း

ဘယ်လ်ဂျီယံနိုင်ငံ ဖလင်းမစ်ချ်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် မစ္စတာ ခရစ်ပီတာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဘယ်လ်ဂျီယံနိုင်ငံ ဖလင်းမစ်ချ် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် မစ္စတာခရစ်ပီတာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် ဘယ်လ်ဂျီယံနိုင်ငံ ဖလင်းမစ်ချ် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် အတူ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ချစ်ကြည်ရေး၊ ရင်းနှီးမှုတိုးတက်ခိုင်မာရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

လက်ခံတွေ့ဆုံ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဘယ်လ်ဂျီယံနိုင်ငံ ဖလင်းမစ်ချ် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် မစ္စတာ ခရစ်ပီတာအား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

မေးခွန်း (၈)ခု မေးမြန်းဖြေကြား၊ အဆိုအသစ်(၂)ခု တင်သွင်းဆွေးနွေး၊ ဥပဒေကြမ်း(၂)ခု အတည်ပြု

နေပြည်တော် မတ် ၉

ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၃၈)ဦးတို့တက်ရောက်ကြပြီး အစည်းအဝေး၌ မေးခွန်း (၈)ခု မေးမြန်းဖြေကြားခြင်း၊ အဆိုအသစ်(၂)ခု တင်သွင်းဆွေးနွေးခြင်းနှင့် ဥပဒေကြမ်း(၂)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

မေးခွန်းများ မေးမြန်းခြင်းကဏ္ဍ၌ ကသာမဲဆန္ဒနယ်မှ ဦးမိုးဇော်ဟိန်း၏ **ကသာမြို့တွင် အစိုးရနည်းပညာအထက်တန်းကျောင်း(Government Technology High School) ဖွင့်လှစ်ခွင့်ရရှိနိုင်ရေး အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း**မေးခွန်းနှင့်စပ်လျဉ်း၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦးက လက်ရှိအချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ နည်းပညာတက္ကသိုလ်(၃)ခု၊ အစိုးရနည်းပညာကောလိပ်(၁)ခု၊ အစိုးရစက်မှုလက်မှုသိပ္ပံ(၂)ခုနှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(၄)ခုတို့ကို ဖွင့်လှစ်ပေးထားပြီးဖြစ်သည့်အပြင် ကသာခရိုင်အတွင်းရှိ မြို့နယ်များမှ အခြေခံပညာအလယ်တန်းအောင်မြင်သူများသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အစိုးရနည်းပညာအထက်တန်းကျောင်းများ၌သာမက ကချင်ပြည်နယ်အတွင်းရှိ အစိုးရနည်းပညာအထက်တန်းကျောင်း(ဗန်းမော်)တွင်လည်းကောင်း၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်းကိုက်ညီသူများသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နည်းပညာတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၌သာမက ကချင်ပြည်နယ်အတွင်းရှိ နည်းပညာတက္ကသိုလ်(ဗန်းမော်)နှင့် အစိုးရနည်းပညာကောလိပ်(မိုးညှင်း)တို့တွင် လည်းကောင်း အင်ဂျင်နီယာအတတ်ပညာရပ်များကို ဆည်းပူးလေ့လာနိုင်မည်ဖြစ်ပါသဖြင့် ကသာမြို့တွင် အစိုးရနည်းပညာအထက်တန်းကျောင်းကို လောလောဆယ်ဖွင့်လှစ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် လိုအပ်၍အခြေအနေပေးသည့်အချိန်တွင် ဖွင့်လှစ်ပေးသွားနိုင်ရေးအတွက် စဉ်းစားဆောင်ရွက်ပေးနိုင်မည့်အခြေအနေရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်း၏ **အိန္ဒိယအစိုးရက ကူညီသောထောက်ပံ့ငွေများ ချင်းပြည်နယ်အတွက် ရရှိပြီး/မပြီး သိရှိလိုကြောင်း**မေးခွန်းနှင့် စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်က အိန္ဒိယနိုင်ငံအစိုးရက **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကျင်းပ

အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကြမ်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူ

နေပြည်တော် မတ် ၉

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၉၂)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်(၄)ဦးတို့က ဘဏ္ဍာရေးနှင့် အခွန်ကဏ္ဍဆိုင်ရာ မေးခွန်းများကို မေးမြန်းကြရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြန်လည်ဖြေကြားသည်။

ရှေ့ဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီက **"မြန်မာ့စီးပွားရေးဘဏ်ခွဲများ၌ ကွန်ပျူတာစနစ်အသုံးပြုရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ မြန်မာ့စီးပွားရေးဘဏ်တွင် စီမံအုပ်ချုပ်ရေးအတွက် ရုံးချုပ်၊ ဌာနကြီး(၆)ခု၊ တိုင်းဒေသကြီး/ပြည်နယ်ရုံး (၁၄)ခုတို့အပြင် ပြည်သူနှင့်ထိတွေ့ပြီး ဝန်ဆောင်မှုပေးရန်အတွက် ခရိုင်အဆင့်ဘဏ်ခွဲ (၇၄)ဘဏ်၊ မြို့နယ်အဆင့်ဘဏ်ခွဲ (၂၀၃) ဘဏ်၊ ဘဏ်ငွေတိုက်ခွဲအဆင့် ဘဏ်ခွဲ(၁၉)ဘဏ်နှင့် ငွေစုဘဏ်ရုံးခွဲ (၁၀)ရုံး၊ စုစုပေါင်းဘဏ်ခွဲ (၃၂၆)ခုနှင့် ငွေကြေးဝန်ဆောင်မှုများပေးလျက်ရှိပါကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများတွင် လုပ်ငန်းလွယ်ကူအဆင်ပြေမြန်ဆန်အောင် ကွန်ပျူတာများကို ငွေလုံးငွေရင်းရန်ပုံငွေရရှိသည့် ဘောင်အတွင်းမှ စနစ်တကျ တပ်ဆင်အသုံးပြုလျက်ရှိပါကြောင်း။

ခရိုင်ဘဏ်ခွဲများတွင် တိုကင်အသုံးမပြုဘဲ ကောင်တာမှ ကွန်ပျူတာဖြင့် တိုက်ရိုက်ငွေထုတ်ပေးသည့်စနစ်ကို ၂-၄-၂၀၀၀ မှ စတင်အသုံးပြုလျက်ရှိပါကြောင်း၊ Server တစ်လုံးတွင် Data များထည့်ကာ ကွန်ပျူတာများ လိုအပ်သလောက် ချိတ်ဆက်အသုံးပြုရသည့် Local Area Network စနစ်ကို အသုံးပြုကာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရန်ကုန်ဘဏ်ခွဲ(၁)၊ (၂)၊ (၃)၊ (၄)နှင့်(၅)၊ ငွေစုဘဏ်ခွဲ(၁)၊ (၂)၊ (၃)နှင့် (၄) တို့တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေးဘဏ်ခွဲ (၁)နှင့်(၂) တို့တွင် လည်းကောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ တောင်ကြီး၊ မူဆယ်နှင့် လားရှိုးဘဏ်ခွဲများတွင် လည်းကောင်း၊ နေပြည်တော်အတွင်းရှိ နေပြည်တော်နှင့် ပျဉ်းမနားဘဏ်ခွဲတို့တွင်လည်းကောင်း စုစုပေါင်းဘဏ်ခွဲ (၁၆)ခုတို့တွင် ကောင်တာ၌ ကွန်ပျူတာစက်များတပ်ဆင်၍ အရာရှိကိုယ်တိုင် ကောင်တာထိုင်ပြီး လျင်မြန်စွာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✳